ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း
အတွဲ (၂)၊ အမှတ် (၁၅)၊ ဩဂုတ် ၂၀၁၈

Burma Monitor
Research & Monitoring

ယခုရက်စွဲမှတ်တမ်းပါ အချက်အလက်များသည် မြန်မာ့အရေး လေ့လာသူများအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်မှ ဩဂုတ်လ ၁၃ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ၊ ဆွေးနွေးမှုများနှင့် တခြားသော ဆက်စပ်သတင်းများအား မီဒီယာများမှတဆင့် မှတ်တမ်းတင်ထားသော ရက်အလိုက် ငြိမ်းချမ်းရေးသတင်း စုစည်းချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ရက်စွဲမှတ်တမ်းပါအချက်များသည် မြန်မာ့အရေးလေ့လာသူများ၏ အမြင်နှင့် အာဘော်မဟုတ်ဘဲ ငြိမ်းချမ်းရေးနှင့် ပတ်သက် သော မီဒီယာဖော်ပြချက်များအား စုစည်းပေးထားခြင်းသာ ဖြစ်ပါသည်။ မြန်မာ့အရေးလေ့လာသူများအဖွဲ့မှ ထုတ်ဝေလျက်ရှိသော ငြိမ်းချမ်းရေး ရက်စွဲစဉ်မှတ်တမ်းများ အား ပိုမိုကောင်းမွန်စေရန်အတွက် အကြံပြုချက်များပေးပါရန် အကူအညီ တောင်းခံအပ်ပြီး၊ အကြံပြုချက်များပေးပို့လိုပါက bcmg.burma.org@gmail.com နှင့် ဖုန်း - 09-796636737 တို့ကို ဆက်သွယ်နိုင်ပါသည်။

**မြန်မာ့အရေးလေ့လာသူများအဖွဲ့**

## လက်နက်ကိုင်ပဋိပက္ခ

- **ရှမ်း**

ဇူလိုင်လ ၃၁ ရက်နေ့ နေ့လည် ၃:၂၀ အချိန်ခန့်တွင် ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ် တာတေကျေးရွာအုပ်စု နမ့်ကျိုင်း ကျေးရွာ အနီးရှိ တောင်ကြော တစ်လျှောက်တွင် သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) ၊ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့ ပူးပေါင်း ဦးဆောင်သော မြောက်ပိုင်းစစ်ရေး မဟာမိတ်တပ်ဖွဲ့အချို့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲတွင် RCSS/SSA ဘက်မှ တပ်သား ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး SSPP/SSA ၊ TNLA နှင့် မြောက်ပိုင်းစစ်ရေး မဟာမိတ် တပ်ဖွဲ့ဝင်ဘက်မှ တပ်သား ၁၀ ဦးထက်မနည်း ပြင်းထန်ဒဏ်ရာရရှိပြီး တပ်သား ၃ ဦးကျဆုံးကြောင်း TaiFreedom သတင်းဌာနတွင် ဖော်ပြခဲ့သည်။ (TaiFreedom)

ဩဂုတ် ၄ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်လန်မြို့ မြန်မာတပ်မတော် တပ်ရင်း ခမရ (၁၇) မှ တပ်မတော်သားမိသားစုဂင် သုံးဦး ပစ်ခတ်ခံရမှု ဖြစ်ပွားခဲ့ကြောင်း ရှမ်းပြည်နယ် ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဇော်ခင်အောင်မှ ပြောခဲ့သည်။ **"တပ်မတော်သားကောင်လေးရယ်၊ သူ့ကလေးရယ်၊ အမျိုးသားကြီးတစ်ယောက်ရယ်က ရွာ ကနေ ပြန်လာတဲ့အချိန်မှာ ချောင်းပစ်ခံရတယ်ပြောတယ်။ အဲဒီနေရာတွေက တရားမဝင်လက်နက် ကိုင်အဖွဲ့တွေရှိပြီး လုံခြုံရေးအရ စိတ်မချရတဲ့နေရာတွေ"** ဟု ပြောခဲ့သည်။ မည်သည့်လက်နက်ကိုင် တပ်ဖွဲ့ဝင်များမှ ပစ်သွားသည်ကို မူ မသိရှိသေးပါ။ (7Day) (Popular)

ဩဂုတ်လ ၅ ရက်နေ့ ည ၈ နာရီ ၅ မိနစ်ခန့်တွင် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) ထံ ပိုက်ဆံလာသွင်းရန် လားရှိုးမြို့ ရပ် ကွက် ၃ အတွင်းရှိ ဆေးခန်းတခုအား ဖုန်းဆက်ပြောခဲ့သည်ဟုဆိုကာ လားရှိုးမြို့ အခြေစိုက် အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး G1 စစ်ဦးစီးအရာရှိပထမတန်း ဒုတိယ ဗိုလ်မှူးကြီး ဗညားဝင်းက SSPP/SSA ၏လားရှိုးဆက်ဆံရေးရုံးတာဝန်ခံ ဗိုလ်မှူးအောင်လတ် အား (အဆိုပါကိစ္စမျိုးထပ်မံကြားသိ တွေ့ရှိပါက ဆက်ဆံရေးရုံးပိတ်ခြင်းခံရမည်) ဟု ခေါ်ယူပြောဆိုခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ သျှမ်းပြည်တပ်မတော် SSPP/SSA ပြောရေးဆိုခွင့် ဗိုလ်မှူးစိုင်းသန်းအောင် က

"ကျနော်တို့မှ စည်းမဲ့ကမ်းမဲ့ ဟိုကြေးဒီကြေးလိုက်ကောက်တာမရှိဘူး။ လက်အောက်ငယ်သားတွေလဲ လုပ်ခွင့် ပေးမထားဘူး၊ အောင်ဆေးခန်းကို ဖုန်းဆက်ပိုက်ဆံတောင်းတယ်ဆိုတာလဲ ကျနော်တို့ မဟုတ်ဘူး။ မလိုလား တဲ့အဖွဲ့က ကျနော်တို့ကို နာမည်ဖျက်တာဘဲ " ဟု ပြောခဲ့သည်။ (ShanNews)

- **စစ်ကိုင်း**

အစိုးရနှင့် တဖွဲ့ချင်းစီအပစ်ရပ်ထားသည့် နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ NSCN (K)၏ တပ်စခန်းတွေနားကို မြန်မာအစိုးရ စစ်တပ်ဘက်က အင်အားတိုးချလာသည့်အတွက် နာဂလက်နက်ကိုင်အဖွဲ့ဘက်မှ ဂိတ်စခန်းတခုကို ဆုတ်ပေးခဲ့သည်ဟု နာဂ အဖွဲ့အစည်းများဘက်မှ အတည်ပြု ပြောခဲ့သည်။ (BBC)

ဇူလိုင် ၃၀ ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်တရားရုံး၌ နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေနှင့် တရားစွဲဆိုဖမ်းဆီးခံထားရသည့် ရိုက်တာ သတင်းဌာနမှ သတင်းထောက် ကိုဝလုံးနှင့် ကိုကျော်စိုးဦးအားရုံးထုတ်စစ်ဆေးခဲ့သည်။ ရုံးထုတ်တွင် တပ်ကြပ် နိုင်လင်း ထွက်ဆိုချက်နှင့် ရိုက်တာ သတင်းဌာနမှ ယာဉ်မောင်းထွက်ဆိုချက် ကွဲလွဲနေသည်ဟု သတင်းထောက်များ၏ရှေ့နေ ဦးသန်းဇော်အောင်မှ ပြောခဲ့သည်။ (RFA) (Mizzima)

**စစ်ဘေးရှောင်**

- **ရှမ်း**

ဇူလိုင်လ ၃၁ ရက်နေ့တွင် နမ္မတူမြို့ အနောက်တောင်ဘက် ဒေသတဝှမ်း ပန်ကွတ်ရွာ၊ ပန်ဆော့ရွာ အနီးအနားသို့ လက်နက်ကြီးများဖြင့် ပစ်ခတ် သောကြောင့် ဒေသခံ ၁၀၀ ကျော် သီပေါမြို့သို့ ထွက်ပြေးခဲ့ရသည်။ အဆိုပါ ဒေသနားတဝိုက်တွင် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ၊ တအာန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့ နယ်မြေစိုးမိုးမှု အားပြိုင်မှုများ ကြောင့် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားလျက် ရှိသည်။ (ShanNews)

**ဩဂုတ်လ ၁ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် မန်ချယ်ရွာအနီး၌ မြောက်ပိုင်းလက်နက်ကိုင်တပ်ပေါင်းစုများ လှုပ်ရှားနေသည်ကို တွေ့မြင်ခဲ့ပြီး ရွာအနီးအနားဝန်းကျင်ရှိ ဒေသခံ ၃၀၀ ကျော်သည် သီပေါနဲ့ မန်စံရွာဘက် ထွက်ပြေးခိုလှုံနေခဲ့ရသည်။ (RFA)**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် မန်ချယ်ရွာအနီးတွင် မြောက်ပိုင်းမဟာမိတ်လက်နက်ကိုင် တပ်ပေါင်းစု အဖွဲ့များ လှုပ်ရှားနေသည်ဆိုသော သတင်းများကြောင့် ရွာအနီးတဝိုက်မှ ဒေသခံ ၃၀၀ ဝန်းကျင်သည် သီပေါနှင့် မန်စံရွာဘက် ထွက်ပြေးခိုလှုံနေကြရသည်ဟု ပန်လုံကျေးရွာအုပ်ချုပ် ရေးမှူး ဦးမိလိင်ဓမ္မ ပြောခဲ့သည်။ ထွက်ပြေးလာသူများသည် သီပေါမြို့ မိုးတေကျောင်းတွင် နှစ်ဆယ်ဝန်းကျင်၊ သီပေါ ဘိုးတော်ကျောင်းတွင် ၁၄၄ ဦး၊ မန်စံကျေးရွာ ကမ္မဌာန်းကျောင်းတွင် ၇၄ ဦး၊ မန်စံမြောက်ကျောင်းတွင် ၃၀ ဦး၊ ဆွေမျိုးနေအိမ်များတွင် နေထိုင်နေသူ ၁၃ ဦး စုစုပေါင်း လူဦးရေ ၃၀၀ ဝန်းကျင်လောက် ရှိသည်ဟု ဒေသခံများမှ ပြောခဲ့သည်။ (RFA)

ဩဂုတ် ၅ ရက်နေက နံနက်ပိုင်း ၁၀ နာရီဝန်းကျင်ခန့်၌  လက်နက်ကြီးပစ်ခတ်သံများကြောင့် ပန်လုံအုပ်စု ပန်လုံ၊ ပန်ဟတ်၊ နမ့်ဆီလင်းနှင့် မိုင်းမှ အုပ်စုနောင်ငင်း၊ နားဟုတ်၊ မန်မိုင် စသည့် ကျေးရွာ ဒေသခံများသည် မန်စံကျေးရွာရှိ ဆွေမျိုးနေအိမ်နှင့် ဘုန်းတော် ကြီးကျောင်းသို့ တိမ်းရှောင်နေ ကြကြောင်း အသက် ၂၉ နှစ်အရွယ် နမ့်ဆီလင်းကျေးရွာသားတစ်ဦးမှ မားနဂါးသတင်းဂျာနယ်သို့ ပြောသည်။ **"မနက်ပိုင်းက လက်နက်ကြီးသံပဲ ကြား တယ် ရွာနဲ့တအားနီးကပ်လို့ ကျနော်တို့ ထွက်ပြေးလာကြတာ ဒီမှာနေတုန်း ကလည်း ပန်ကွတ်ရွာဘက်မှာ လက်နက်ငယ် ပစ်ခတ်သံတွေ ကြားနေရတယ်"** ဟု ပြောခဲ့သည်။ (Marnagar)

ဩဂုတ်လ ၅ ရက်နေ့တွင် ရှမ်းပြည်နယ် နမ္မတူမြို့နယ် ပန်ကွတ်ကျေးရွာနှင့် ပန်ဆော့ကျေးရွာအကြား၌ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် တအာန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း ပစ်ခတ်သော လက်နက်ကြီး များသည် ရွာအနီးအနား ပတ်ဝန်းကျင်သို့ ကျရောက်နေသဖြင့် ဒေသခံရွာသား ၆၀၀ ကျော်တို့ ထွက်ပြေးတိမ်းနေခဲ့ရသည်။ မန်စံ

ကျေးရွာ ဘုန်းကြီး ကျောင်းတွင် မန်ဆ၊ ပန်ဟတ်၊ နောင်ငင်း၊ နားဟုတ်၊ မန်မိုင် စသည့် ကျေးရွာများမှ ဒေသခံ ၆၀၀ ကျော်တို့ ခိုလှုံလျက်ရှိပြီး မန်စံကျေးရွာဆယ်အိမ်မှူးနှင့် ပရဟိတအသင်းတို့က နေရာထိုင်ခင်း၊ စားသောက်ရေးအတွက် စီစဉ်ပေးလျက်ရှိသည်။ (Marnaga) (RFA)

ဩဂုတ်လ ၈၊ ၉ ရက်နေ့များတွင် ရှမ်းပြည်မြောက်ပိုင်း နမ္မတူမြို့နယ်၏ ကျေးလက်ဒေသတွင် လက်ရှိတိုက်ပွဲများငြိမ်နေပြီဖြစ်သောကြောင့် နမ္မတူ ရောက် စစ်ဘေးရှောင် ၈၀၀ မှာ နေရပ်သို့ပြန်ကုန်ကြသည်ဟု နမ္မတူမြို့နယ် စစ်ဘေးရှောင်များကူညီရေးအဖွဲ့မှ စိုင်းဘညာဏ်မှ ပြောခဲ့သည်။ (ShanNew)

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပန်ကွတ်ကျေးရွာအနီးတွင် တအန်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) တို့အကြား ဩဂုတ် ၅ ရက်နေ့ တိုက်ပွဲဖြစ်ပွားပြီး နောက်ပိုင်း ဒေသတွင်း ဘုန်းကြီးကျောင်းများတွင် စစ်ဘေးရှောင် ၈၀၀ ဝန်းကျင်ခန့် ခိုလှုံနေခဲ့ရသည်။ ကျောင်းသူကျောင်းသား ၂၀၀ ခန့် ပါဝင်ကြောင်း ဒေသခံ ကျောင်းဆရာ တစ်ဦးမှ ပြောခဲ့သည်။ **"ကလေးတွေကျောင်းတက်ရမယ့် အချိန်လေ။ ဒီလိုအချိန်ဖြစ်တော့ ကလေးတွေလည်း ပညာကောင်းကောင်း မသင်ကြရဘူး"** ဟု ကျောင်းဆရာမှ ပြောခဲ့သည်။ (Myanmar Now)

- **ကရင်**
-

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် အတွင်းရှိ မြိုင်ကြီးငူ စစ်ဘေးရှောင်စခန်းရှိ စစ်ဘေးရှောင် လူဦးရေ ၅ထောင်ကျော်အတွက် စားနပ်ရိက္ခာများ ချက်ပြုတ်ရန် ထင်းအရေးတကြီးလိုအပ်နေကြောင်း အေးလင်းမြရှင် စစ်ရှောင်စခန်း အုပ်ချုပ်သူစောရွှေထွန်းမှပြောခဲ့သည်။ စောရွှေထွန်းမှ **"ဆီတွေ ဆန်တွေက သူများလာလှူတာ ရှိတယ်။ ထင်းကတော့ နွေဘက်တုန်းက တောထဲမှာပဲ သွားခုတ်ပြီးတော့ လူတွေခေါ်ပြီး ကားနဲ့ သယ်လာရ တာ။ အဲ့ထင်းတွေက ကုန်ခါနီးပြီ။ ခုဆို မိုးတွင်းလည်းဖြစ်၊ ရေကလည်း ကြီးတော့ ရှာရတာလည်း ပိုခက်တယ်"**ဟု ပြောခဲ့သည်။ (KIC)

- **အခြား**
-

**ဇူလိုင်လ ၂၇ ရက်နေ့မှ ဇူလိုင်လ ၂၉ ရက်နေ့အထိ ဂျာမဏီနိုင်ငံ Meschede မြို့ ၌ ဥရောပနိုင်ငံရောက် ကချင်အဖွဲ့အစည်းများမှ ကချင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် စစ်ဘေးရှောင် ဒုက္ခသည်များအရေးအား နိုင်ငံတကာ နိုးကြားမှုရှိစေရန်အတွက် (၅) ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။** (VOA)

## လူ့အခွင့်အရေးချိုးဖောက်မှု

- **ကချင်**

ဇူလိုင်လ ၃၁ ရက်နေ့တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဆဒုံးမြို့ လဂျောင်ကျေးရွာ၌ ခရစ်ယာန်လူငယ် ဆရာ ဖိုင်ဒန်းဘောမ်ယိန်းနှင့် နယ်ခြားစောင့် တပ်ဖွဲ့ဝင် အချို့ ရေမြောင်းဖော်သည့် ကိစ္စဖြင့် အချင်းများကာ ဖိုင်ဒန်းဘောမ်ယိန်းအား ဖမ်းဆီးသွားခဲ့သည်။ ဝိုင်းမော်မြို့နယ် နှစ်ခြင်း ခရစ်ယာန် အသင်းတော်၏ အတွင်းရေးမှူးနှင့် အသင်းတော်ဆရာများက ဆဒုံးမြို့ရှိ အမှတ် ၁၀၀၃ နယ်ခြားစောင့်တပ်တွင် တွေ့ဆုံ ညှိနှိုင်းခဲ့သည်။ ဩဂုတ်လ ၁ ရက်နေ့တွင် ပြန်လည် လွတ်ပေးခဲ့သည်။ (KachinWaves) (KachinNews)

- **ရှမ်း**

ဇူလိုင်လ ၂၅ ရက်နေ့ ည ၉ နာရီအချိန်ခန့်တွင် ဗိုလ်မှူး ကျော်စိန် ဦးစီး မိုးနဲအခြေစိုက် ခမရ (၅၁၈) တပ်ရင်းနှင့် ခလရ (၂၄၈) တပ်ရင်းမှ အင်အား ၃၀ ကျော်ခန့်ရှိ လှုပ်ရှားစစ်ကြောင်းသည် ရှမ်းပြည်နယ် တောင်ပိုင်း မိုးနဲမြို့နယ် ဝမ်နားကျေးရွာအုပ်စု နမ့်သပြေကျေးရွာ၌ ညအိပ်အခြေချခဲ့စဉ် ဒေသခံကျေးရွာသားများ၏ နေအိမ်အား ဝင်ရောက်ရှာဖွေမွှေနှောက်ကာ ငွေသား နှင့် ဒေသခံများ မွေးမြူထားသည့် ကြက်များအား ခိုးယူသွားခဲ့ပြီး တပ်မတော် လက်အောက်ခံ ပအိုဝ်းပြည်သူ့စစ် (PNO) အဖွဲ့မှ ဟိုပုံးမြို့နယ်အတွင်းရှိ ဒေသခံ ၆ ဦးအား ဖမ်းဆီးရိုက်ခတ်မှုများ ပြုလုပ်ခဲ့သည်။ (Taifreedom)

**ဇူလိုင်လ ၂၉ ရက်နေ့တွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ ရှမ်းပြည်မြောက်ပိုင်းနမ္မတူမြို့နယ် ပန်ဆော့ ကျေးရွာအုပ်စု ပန်ကွတ်ရွာသား ၂ ဦးအား ဖမ်းဆီးခဲ့ပြီး တအန်းအမျိုးသား လွတ်မြောက် ရေး တပ်မတော် (TNLA) အကြောင်းအား မေးမြန်းပြီး ပြန်လည် လွှတ်ပေးခဲ့သည်ဟု ဒေသခံများမှ ပြောခဲ့သည်။ (NMG)**

ဇူလိုင်လ ၃၁ ရက်နေ့ နေ့လည် ၂ နာရီအချိန်ခန့်တွင် ရှမ်းပြည်တိုးတက်ရေးပါတီ / ရှမ်းပြည် တပ်မတော် (SSPP/SSA) တပ်ဖွဲ့မှ အင်အား ၇ ဦးခန့် သည် ကျောက်မဲမြို့နယ် ပန်စံကျေးရွာအုပ်စု ဝမ်ပုံကျေးရွာတွင်းသို့ မူးယစ်ဆေးဝါးနှင့် ပတ်သက်သူများအား ဖမ်းဆီးစစ်ဆေးရာ ဝမ်ပုံရွာသား လုံးလိတ် အသက် ၆၃ နှစ်အား စစ်ဆေးတွေ့ရှိသဖြင့် ဖမ်းဆီးခေါ်ဆောင်ပြီး စစ်ဆေးရာတွင် ညှဉ်းပန်းစစ်ဆေးမှု ကြောင့် ဖမ်းဆီး စစ်ဆေးခံရသူ အမျိုးသာ သည် ဩဂုတ်လ ၁ ရက်နေ့တွင် သေဆုံးခဲ့ကြောင်း TaiFreedom သတင်းဌာနတွင် ဖော်ပြခဲ့သည်။ (TaiFreedom)

ဇူလိုင်လ ၃၁ ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း နမ္မတူမြို့နယ် ပန်ဆော့ကျေးရွာအုပ်စု ပန်ကွတ်ရွာသား ၄ ဦး မန်စံဈေးသို့ ဈေးသွားဝယ်ပြီး ပြန်အလာ၌ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ကြောင်း ဒေသခံများမှ ပြောခဲ့သည်။ အဆိုပါ ဖမ်းဆီးမှုအကြောင်းကို မျက်မြင်တွေ့မြင်ခဲ့သည့် နန်းလီဆိုသူမှ မားနဂါးသတင်းဂျာနယ်သို့ ပြောခဲ့သည်။ ပျောက်ဆုံးသွားသည့် ပန်ကွတ်ရွာသား လေးဦးမှာ အကြာ (၂၂)နှစ်၊ အိုက်ရီ(၃၅)နှစ်၊ အိုက်ဆိုင် (၁၅)နှစ်နှင့် ဦးစံဆာ(၅၀)နှစ်တို့ ဖြစ်ပြီး ပျောက်ဆုံးသည့်နေ့တွင်ပင် RCSS စစ်ကြောင်းများကို အကြောင်းကြားထားပြီးဖြစ်သော်လည်း RCSS ဘက်မှ ထိုလေးဦးအား ဖမ်းဆီးထားခြင်း မရှိဟု ကျေးရွာတာဝန်ရှိသူများကို ပြောခဲ့သည်။ (Marnagar) (NMG)

ဩဂုတ်လ ၂ ရက်နေ့က ဖမ်းဆီးခံရပြီး ပျောက်ဆုံးနေသော ရွာသားစိုင်းသိန်းအား သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) မှ ဖမ်းဆီးသွားသည်ဟု မြောက်ပိုင်းမဟာမိတ် တပ်ဖွဲ့ဝင်များက ပြောခဲ့ သည်။ (ShanNews)

ရှမ်းပြည်တောင်ပိုင်း တောင်ကြီးခရိုင် ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၏ ကျေးရွာဆိုင်ရာ အသေးစိတ်အချက်အလက် များအား တပ်မတော် အမှတ် (၂၄၉) ခြေလျင်တပ်ရင်းမှ ဩဂုတ်လ ၄ ရက်နေ့ နံနက် ၈ နာရီအချိန်တွင် နောက်ဆုံး ထား၍ ခလရ (၂၄၉) တပ်ရင်း ရုံးသို့ ပေးပို့ပေးရန် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ အကြောင်းကြားစာပေးပို့ခဲ့သည်ဟု Taifreedom သတင်းဌာနတွင် ဖော်ပြခဲ့သည်။ (Taifreedom)

ရှမ်းပြည်တောင်ပိုင်း မိုင်းပန်မြို့တွင် လယ်ကွင်းအတွင်း အလုပ်လုပ်နေသည့် ကျေးလက်ဒေသခံ နှစ်ဦးအား သျှမ်းပြည်ပြန်လည် ထူထောင်ရေး ကောင်စီ RCSS/SSA တပ်ဖွဲ့ဝင်ဟု ဆိုကာ မြန်မာတပ်မတော်မှ ဩဂုတ်လ ၃ ရက်နေ့တွင် ညလုံးပေါက်ဖမ်းဆီးစစ်ဆေးပြီး၊ ဩဂုတ်လ၄ရက်နေ့တွင် ပြန်လွှတ်ပေးခဲ့သည် ဟု ရွာသူကြီးမှ ပြောခဲ့သည်။ (**ShanNew**) (**Taifreedom**)

ဩဂုတ် ၆ ရက်နေ့ ည ၉ နာရီအချိန်တွင် တာချီလိတ်မြို့ ၊ ဂိန်းကျောက်ရပ်ကွက် ၊တော်ကော့(တွင်း) မြို့ရှောင်လမ်းအနီး၌ ပလက်စတစ် ကောက်ယူ ပြန်လည်ရောင်းစားသည့်  ၁ ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်သည် "ကားကျော်တက်စဉ် လမ်းဖယ် မပေးတာ ကြောင့်" ပစ်ခတ် သွားခြင်း ဖြစ်သည်ဟု တာချီလိတ်ရဲတပ်ဖွဲ့မှ ပြောခဲ့သည်။ (Popular)

နှစ် ၃၀ ပြည့်ပွဲ စစ်ရေးပြရန်အတွက် ၉ လ ကြာ လေ့ကျင့်ရမည့် အမျိုးသမီးစစ်ရေးပြများအတွက် အသက် ၁၅-၂၀ နှစ်ကြား အမျိုးသမီးများအား UWSA တပ်မဟာအသီးသီးက မိမိထိန်းချုပ် နယ်မြေအတွင်းဆင့်ခေါ် လေ့ကျင့်နေသည်ဟု ဟိုတောင်းနေ ကလေးမိဘ ဦးအိုက်ကပ် သျှမ်းသံတော် ဆင့်သတင်းဌာနသို့ ပြောသည်။ **ကျနော့်သမီးကို ဂျူလိုင် ၂၃ နောက်ဆုံးထားပို့ရမယ် ပြောတော့ ပို့လိုက်ရဘီ။ သွားတွေ့ခွင့်လဲ မပေးဘူး။ မိဘတောင် သွားတွေ့ခွင့်မရဘူးဆိုတော့ လုပ်နည်းလုပ်ဟန် က မဟုတ်သေးဘူးလို့မြင်မိတယ်။ တချို့ ကြုံသိတဲ့သူတွေတော့ တရုတ်ဘက်ကို တိမ်းရှောင်ကြ တယ်။ ကျနော်တို့တော့ အိမ်နဲ့ ယာနဲ့ ဆိုတော့ ထွက်ပြေးလို့မရဘူး။ အဲဒီသင်တန်းရောက်ပြီး ထွက်ပြေးလို့ ဖမ်းမိရင် တကယ့် ထာဝရစစ်သား လုပ်ရမယ် ပြောတယ်၊ ဒါပေမယ့် ထွက်ပြေးကြတာဘဲ ၊ တရုတ်ဘက်ကို** – ဟု ပြောခဲ့သည်။ (**ShanNew**) (**TaiFreedom**)

ဩဂုတ်လ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ TNLA/SSA (ဝမ်ဟိုင်း) ပူးပေါင်း လက်နက်ကိုင်အင်အား ၁၀၀ ခန့်သည် ရှမ်းပြည်မြောက်ပိုင်း နမ္မတူ၊ နောင်ငင်း ကျေးရွာနှင့် နားဟုတ်ကျေးရွာ အနီးတဝိုက်ရှိ လူနေအိမ်များ ဈေးဆိုင်များမှ တိရစ္ဆာန်များနှင့် ဆိုင်ကယ်များအား ယူဆောင် ဖျက်ဆီး သွားခဲ့သည် ဟု ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။ (Military)

ဩဂုတ်လ ၈ ရက်နေ့တွင် မြန်မာတပ်မတော် စစ်ကြောင်းမှ ဖမ်းဆီးခေါ်ဆောင်သွားသော ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ် ပန်လော့အုပ်စု ဒေသခံ ၁၆ ဦးအား ရပ်မိရပ်ဖများနှင့် ကျေးခေါင်းပါတီ လွှတ်တော်ကိုယ်စားလှယ်မှ သွားရောက်အာမခံမှုဖြင့် ပြန်လွှတ်ပေးခဲ့ပြီဖြစ်ကြောင်း ကျောက်မဲ မြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စိုင်းထွန်းဝင်းမှ Shan News သတင်းဌာနသို့ ပြောခဲ့သည်။ (ShanNew)

ဩဂုတ်လ ၈ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်လန်အုပ်စု၌ ပြောင်းများရောင်းချပြီး ပြန်လာသော ရွာသားလင်မယား ၂ ဦးအား ပြောက်ကျား ဘောင်းဘီဝတ်ဆင်ထားသော ဆိုင်ကယ်သမား ၂ ဦးမှ သေနတ်ဖြင့် လိုက်လံ ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး အဆိုပါ လင်မယားသည် ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့ပြီး ပြည်သူ့ဆေးရုံသို့ တက်ရောက် ဆေးကုသ ခံယူနေခဲ့သည်။ (ShanNews) (Taifreedom)

ဩဂုတ်လ ၉ ရက်နေ့ နံနက် ၁၀:၃၀ အချိန်ခန့်တွင် ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ် ပန်စံကျေးရွာအုပ်စု ပန်ဆော့ကျေးရွာရှိ နေအိမ်တစ် အိမ်အား တပ်မတော် ခမရ (၅၀၄) ခြေမြန်တပ်ရင်း ၊ ခမရ (၅၀၅) ခြေမြန်တပ်ရင်း နှင့် ခမရ (၅၀၆) ခြေမြန်တပ်ရင်းမှ အိမ်ရှင်တောင်ယာသွားခိုက် နေအိမ်အား ဝင်ရောက်ရှာဖွေမွှေနှောက်ကာ ပစ္စည်းများယူဆောင်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများ ပြုလုပ်ခဲ့ကြောင်း အမည်မဖော်လိုသူ ဒေသခံ တစ်ဦးမှ TaiFreedom သတင်းဌာနသို့ ပြောခဲ့သည်။ (TaiFreedom)

နမ္မတူမြို့နယ်အတွင်း ကျေးရွာများမှ စျေးဆိုင်များနှင့် ပစ္စည်းများ၊ မွေးမြူထားသည့် တိရစ္ဆာန်များ၊ ဆိုင်ကယ်များကို ယူဆောင်မီးရှို့ဖျက်ဆီးပြီး ရွာသား ၁ ဦးအား အကြောင်းမဲ့ ရိုက်နှက်ခဲ့ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်ကို တအန်းအမျိုးသားသားလွတ် မြောက်ရေး တပ်မတော် (TNLA) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ပူးပေါင်းတပ်ဖွဲ့များအနေဖြင့် ပြုလုပ်ခဲ့ခြင်းမရှိဟု TNLA အဖွဲ့ အထွေထွေ အတွင်းရေးမှူး ဗိုလ်မှူးချုပ် တာ့ဘုန်းကျော်မှ ပြောခဲ့သည်။ **" မရှိပါဘူး။ ကျွန်တော်တို့ အဲ့လိုလုပ်တာ။ SSPP နဲ့ ကျွန်တော်တို့ ပူးပေါင်းတပ်တွေက ကိုယ့်ရိက္ခာကိုယ် ကိုယ့်ဟာကိုရှင်းတယ်။ ဂယ်ရမယ့်ဟာဆိုလည်း လူထုကို ထိုက်သင့်တဲ့ဈေးနှုန်းနဲ့ ပေးချေပြီးမှပဲ ဆောင်ရွက် တာ ဖြစ်ပါတယ်။ အဲ့လိုမျိုးဟာတွေမရှိပါဘူး"** ဟု ပြောခဲ့သည်။ (Mizzima)

ဩဂုတ်လ ၁၀ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲခရိုင် သီပေါမြို့နယ် နမ့်လန်မြို့နယ်ခွဲ မန်လီကျေးရွာအုပ်စု မန်လီကျေးရွာသို့ တပ်မတော် ခြေမြန်တပ်ရင်းအမှတ် (၁၇) တပ်ရင်းမှ ကျေးရွာအလိုက် အစည်းအဝေး ခေါ်ယူပြီး ၎င်းတို့ တပ်ဖွဲ့လုံခြုံရေးအတွက် ဒေသခံပြည်သူများ စိုက်ပျိုးထားသည့် ပြောင်းပင်များအား အမြန်ခုတ်ထွင်ရှင်းလင်းခိုင်းခဲ့ကြောင်း အမည်မဖော်လိုသူ ဒေသခံတစ်ဦးမှ ပြောခဲ့သည်။ (TaiFreedom)

- **ကရင်**
-

ဩဂုတ်လ ၉ ရက်နေ့ နံနက် ၄ နာရီခွဲခန့်တွင် ကရင်ပြည်နယ် မြဝတီဒေနတောင်ကျော် အာရှလမ်းသစ် ရင်ကွဲတောင်ကုန်းဆင်း မိုင်တိုင် အမှတ် ၁၅၇ KM အနီး၌ ခရီးသည်ယာဉ်အား သေနတ်ဖြင့် ပစ်ခတ်ကာ ငွေကြေးတောင်းခံမှုများ ဖြစ်ပွားခဲ့သည်။ (Eleven)

**မြေမြုပ်မိုင်း**

- **ဒဏ်ရာရ**

ဩဂုတ်လ ၇ ရက်နေ့ နေ့လည် ၁၂ နာရီခွဲခန့်တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်အုပ်စု၊ မော်ဝမ်းရပ်ကွက်နေ ဦးဆော်ဆီထီသည် ညီဖြစ်သူ မောင်အောင်ဝင်းနှင့်အတူ ဆိပ်မူကျေးရွာအုပ်စုအတွင်းရှိ စံဖဲချောင်းသို့ငါးရှာသွားရောက်စဉ် နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သည်။ မိုင်းပေါက် ကွဲမှုကြောင့် နှစ်ဦးစလုံး ဒဏ်ရာရရှိခဲ့ပြီး မြစ်ကြီးနားမြို့ ရှိ တပ်မတော်ဆေးရုံသို့ တပ်မတော်မှ ပို့ဆောင်ပေးခဲ့သည်။ (Eleven)

- **အခြား**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ဆင်ဘိုဒေသ မြစ်ရိုးကျေးရွာများတွင် မိုင်းအန္တရာယ်မြင့်မားနေပြီး မိုင်းနင်းမိမှုကြောင့် ကျွဲ၊ နွားများ ဆက်တိုက် သေဆုံးနေကြောင်း ဒေသခံများမှ ပြောခဲ့သည်။ လက်ရှိတွင် ဆင်ဘို တိုက်နယ်ရှိ တောပင်လုံ၊ ပင်တော်၊ မုန်ကင်း စသည့် ကျေးရွာအနီးရှိ တောတန်း များတွင် နေ့စဉ်နီးပါး ပေါက်ကွဲမှုများ ဖြစ်ပေါ်နေကြောင်း ဒေသခံတစ်ဦးမှပြောခဲ့သည်။ (Eleven)

## တွေ့ဆုံဆွေးနွေးမှု

- **မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ရင်းမှူးများ တွေ့ဆုံဆွေးနွေးပွဲ**

ဇူလိုင်လ ၃၁ ရက်နေ့ နံနက်ပိုင်း ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် မြန်မာနိုင်ငံဘက်ခြမ်း မောင်တောမြို့ အမှတ် (၁) ဝင်၊ ထွက် စစ်ဆေးရေး စခန်းရှိ အစည်းအဝေးခန်းမ၌ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့် တပ်ရင်းမှူးအဆင့်တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ နယ်စပ်ဒေသ မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှု အခြေအနေများ သတင်းဖလှယ်၍ ကွင်းဆက်များ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး လုပ်ငန်း ပူပေါင်းရန်၊ နယ်စပ်ဒေသတွင် ARSA လှုပ်ရှားမှုများနှင့် ပတ်သတ်၍ ရရှိသော သတင်းများကို ဖလှယ်ပေးရန်တို့ကို ဆွေးနွေးခဲ့သည်။ (Eleven)

- **တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)**

ဩဂုတ်လ ၅ ရက်နေ့တွင် တရုတ်နိုင်ငံ တာလီမြို့၌ မြန်မာတပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIO) ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးအင်ဘန်လတို့ တွေ့ဆုံ ဆွေးနွေးခဲ့ သည်။ ဆွေးနွေးပွဲကို တရုတ်အာရှရေးရာ အထူးသံတမန် ဆွန်ကော့ရှန် ကြားဝင် ညှိနှိုင်း ပေးမှုဖြင့် စီစဉ်ခဲ့ခြင်း ဖြစ်သည်။ ဆွေးနွေးပွဲတွင် သဘောတူညီမှုများ မရရှိခဲ့ပါ။ (7Day) (Irrawaddy)

- **RCSS – SSPP**

ဩဂုတ်လ ၁၀၊ ၁၁ ရက်များတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ရှမ်းပြည်တိုးတက်ရေးပါတီ SSPP/SSA နှင့် NCA လက်မှတ်ထိုးထားသည့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ RCSS/SSA တို့ တွေ့ဆုံဆွေးနွေးခဲ့သည်။ တွေ့ဆုံရာတွင် ရှမ်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နှစ်ခု၏ သတင်းထုတ်ပြန်ရေးဌာနတွေမှ အပြန်အလှန် ပုတ်ခတ်ရေးသား နေမှုများ ရပ်တန့်ရန်နှင့် တိုက်ပွဲများ လုံးဝ ရပ်စဲရေး ဆက်လက်တွေ့ဆုံရန် သဘောတူညီချက်ရခဲ့သည်ဟု ကြားဖြင်ညှိနှိုင်းပေးသည့် SNLD ကျားခေါင်းပါတီ တွဲဖက် အထွေထွေအတွင်းရေးမှူး စိုင်းလိတ် မှပြောခဲ့သည်။ (RFA) (TaiFreedom)

## အစည်းအဝေးများ

- **JMC**

ဇူလိုင် ၃၀ ရက်နေ့တွင် ပဲခူးတိုင်း၊ တောင်ငူမြို့ ၌ ပဲခူးတိုင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ [JMC-S (ပဲခူး)] ၏ (၁၇) ကြိမ်မြောက် အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် JMC-S (ပဲခူး) ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက်အမှာစကားပြောခဲ့ပြီး၊ JMC-S (ပဲခူး) ဒုတိယဥက္ကဋ္ဌ (၁)နှင့် JMC-S (ပဲခူး) ဒုတိယဥက္ကဋ္ဌ (၂) စောဒီထူးတို့ နှုတ်ခွန်းဆက် စကားပြောခဲ့သည်။ အစည်းအဝေးသို့ JMC-S (ပဲခူး) ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဥက္ကဋ္ဌ (၁) KNU/KNLA တပ်မဟာ (၃) တပ်မဟာမှူး၊ ဒုတိယဥက္ကဋ္ဌ (၂) အရပ်သားကိုယ်စားလှယ် စောဒီထူးနှင့် ကော်မတီဝင်များ၊ သီးခြား ဖိတ်ကြားထားသူများနှင့် အထောက်အကူပြုဝန်ထမ်းများ စုစုပေါင်း (၂၄) ဦး ပါဝင် တက်ရောက်ခဲ့သည်။ (JMC) (Military)

## နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းစာရှင်းလင်းပွဲများ

မြန်မာတပ်မတော်အား နိုင်ငံတကာရာဇဝတ်ခုံရုံး ICC သို့ တင်သွင်းရန် ကြိုးပမ်းနေမှုများအား တုန့်ပြန်ဖြေရှင်းသည့် (AMICUS CURIAE) စာတမ်းအား အရပ်ဘက်အဖွဲ့အစည်း တစ်ခုဖြစ်သည့် သေနင်္ဂ မဟာဗျူဟာ လေ့လာရေးအဖွဲ့မှ ICCသို့ ဇူလိုင် ၂၆ ရက်က တင်သွင်းခဲ့ခြင်းဖြစ်ပြီး စာတင်သွင်းရခြင်းနှင့်စပ်လျဥ်းပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ဩဂုတ် ၄ ရက်တွင် ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သည်။" **တပ်မတော်က တိုက်ခိုက်လို့ ဘင်္ဂါလီတွေ တစ်ဖက်နိုင်ငံကိုထွက်ပြေးတာလို့ နိုင်ငံတကာက စွပ်စွဲပြီး ICC တင်ဖို့ကြိုးစားတယ်။ အမှန်က ARSA အဖွဲ့က အကြမ်းဖက်မှုတွေကြောင့် ထွက်ပြေးသွားတာ။ ကျွန်တော်တို့ ကွင်းဆင်းတဲ့ အခါ အဲဒီဒေသတွေမှာ ARSA အဖွဲ့ရဲ့ ခြိမ်းခြောက်မှုတွေက ယနေ့တိုင်ရှိနေဆဲပဲ။ ဒီစာတမ်းကို တင်ဖြစ်တာက ကျွန်တော်တို့က အမျိုးသားလုံခြုံရေးလေ့လာနေတဲ့အဖွဲ့ ရခိုင်ဖြစ်စဥ်တစ်ခုလုံးက ကျွန်တော်တို့ နိုင်ငံရဲ့ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်နေတဲ့ဖြစ်စဥ် တစ်ခုဖြစ်တဲ့အတွက် အမျိုးသားအကျိုးစီးပွားအတွက်တင်သွင်းခြင်းဖြစ်ပါတယ်"** ဟု သေနင်္ဂ မဟာဗျူဟာလေ့လာရေး အဖွဲ့ တည်ထောင်သူ ဒေါက်တာနိုင်ဆွေဦးမှ ပြောခဲ့သည်။ (MyanmarTime)

ရက္ခိုင့်တပ်မတော် (ULA) ၏ အခြေခံစစ်ပညာသင်တန်း ၊ အမှတ်စဥ် (၄၂/ခ) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ရက္ခိုင့်တပ်မတော်၏ စစ်ဒေသ တစ်နေရာ၌ ပြုလုပ်ခဲ့ပြီး ၎င်းသင်တန်းဆင်းပွဲတွင် ဗိုလ်မှူးကြီး ကျော်ဟန်မှ အားပေးမိန့်ခွန်းပြောခဲ့သည်။ အပတ်စဥ် (၄၂) သည် သင်တန်းသားဦးရေ အလွန်များပြားသောကြောင့် (၄၂/က) နှင့် (၄၂/ခ) ဟူ၍ နေရာနှစ်ခုတွင်ခွဲ၍ သင်တန်းပေးခဲ့သည်ဟု ၎င်းတို့၏ သတင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ (ULA)

ဩဂုတ်လ ၉ ရက်နေ့တွင် ကယားပြည်နယ်၊ ဒီမော့ဆိုမြို့နယ်၊ မြလဲ(ခ)မန်းလားကျေးရွာ၌ ပြုလုပ်သောနှစ်(၇၀)ပြည့် ကရင်နီအမျိုးသားခုခံတော် လှန်ရေးနေ့တွင် ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့ဟူသော စာသားကို အသုံးပြုခွင့်မပြုဟု လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၏ တွေ့ဆုံပြော ဆိုမှုကြောင့် ကရင်နီအမျိုးသားခုခံတော်လှန်ရေးနေ့ အသုံးအနှုန်းအစား အခမ်းအနားတွင် အဖွဲ့အစည်းပေါင်းစုံစုပေါင်း ဆုတောင်းပွဲ စသည့် စာတန်း ကိုသာအသုံးပြုခဲ့ရသည်ဟု ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးချစ်ထွန်းမှ ပြောခဲ့သည်။ **"ဘယ်အဖွဲ့အစည်းပဲဖြစ်ဖြစ်၊ ဘယ်ပါတီပဲဖြစ်ဖြစ်၊ ဘယ်အစိုးရပဲဖြစ်ဖြစ် ဒီလိုမျိုးနေရာမှာ လူထုနဲ့ ပူးပေါင်း ဆောင်ရွက်တဲ့နေရာမှာ ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် ရှိဖို့တော့လိုပါတယ်။ အဝေးကနေပြီး စာနဲ့ကန့်လန့်တာမျိုး၊ ခြိမ်းခြောက်တာမျိုးတော့ မကောင်းဘူးပေါ့"**ဟု ဦးချစ်ထွန်းမှပြောခဲ့သည်။ (Kantarawaddy) (KNPP)

ဩဂုတ် ၉ ရက်နေ့တွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) မှ ပစ်ခတ်တိုက်ခိုက် မှုရပ်စဲရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သည့် စွမ်းရည် မြှင့်တင်ရေးဆိုင်ရာ ဆရာဖြစ်သင်တန်းတစ်ရပ် ပြုလုပ်ခဲ့သည်။ နံနက်ပိုင်းတွင် JMC-U ဒုတိယဥက္ကဋ္ဌ (၂) စိုင်းမျိုးသန့်၊ ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်အေးအေးမြင့်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာချာလီသန်း၊ JMC-U အဖွဲ့ဝင် ဦးမောင်မောင်ငြိမ်းနှင့် JMC နည်းပညာအထောက်အကူပြုရုံးမှ ဦးအောင်နိုင်ဦးတို့က စွမ်းရည်မြှင့်တင်ရေး ဆိုင်ရာ ဆရာဖြစ်သင်တန်း ဖွင့်လှစ် ရခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ အတွေ့အကြုံများကို ရှင်းလင်း ပြောခဲ့သည်။ (JMC)

ဩဂုတ် ၉ ရက်နေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများစကားဝိုင်းကို မကွေးတိုင်း ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာ၌ ပြုလုပ်ခဲ့သည်။ (MOI) (ScOffice) (ScOffice)

- ## ကရင့်အာဇာနည်နေ့
-

(၆၈) ကြိမ်မြောက် ကရင်အာဇာနည်နေ့အမ်းအနား ပြုလုပ်မည့် ဖာပွန်ခရိုင်အတွင်းရှိ ဖာလုံကြီးရွာအနီးတွင် တပ်စွဲထားသော တပ်မတော် စစ်ကြောင်းသည် ပြန်လည်ဆုတ်ခဲ့ကြောင်း၊ စစ်ရေးပြမည့် ကိစ္စနှင့် ပတ်သတ်၍ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ကရင်အမျိုးသား အစည်းအရုံး (KNU) လက်အောက်ခံ တပ်မဟာ (၅) အကြား အပြန်အလှန် ကန့်ကွက်မှုသည် ပြေလည်မှု မရသေးကြောင်း KNU ဖာပွန်ခရိုင် အတွင်းရေးမှူး စောရောဘင်မှ ပြောခဲ့သည်။ "အခမ်းအနားရဲ့ လုပ်ရိုးလုပ်စဥ်အတိုင်း စစ်ရေးပြ အခမ်းအနားဆိုတာ၊မပါရဘူးဆိုတာ ကျွန်တော်တို့အတွက် ခက်သွားပြီ။ ဘာလို့လဲဆိုရင် နေ့ကြီး ရက်ကြီးဆိုတာ ဒီတခုတည်း မဟုတ်ဘူး။ ဒီအာဇာနည်နေ့ အခမ်းအနားက စစ်ရေးပြက ပါပြီးသား။ ဒါမှ အာဇာနည်နေ့ အခမ်းအနား ပီသတာ" ဟု စောရော်ဘင်မှ ပြောခဲ့သည်။ (7Day) (7Day)

ဩဂုတ်လ ၁၂ ရက်နေ့တွင် ဧရာဝတီတိုင်း၊ ဟင်္သာတမြို့ ၌ ကရင်အာဇာနည်နေ့ ပြုလုပ်ခြင်းအား ဒေသဆိုင်ရာအာဏာပိုင်များမှ လာရောက် တားမြစ်ခဲ့ပြီး "ကရင်အာ ဇာနည်နေ့" ဆိုင်းဘုတ်ကိုလည်း ဖြုတ်ချခိုင်းခဲ့ ကြောင်း ဖဒိုမန်းငြိမ်းမောင်မှ Mizzima သတင်းဌာနသို့ ပြောခဲ့သည်။ (Mizzima)

ဩဂုတ်လ ၁၂ ရက်နေ့တွင် ကရင်ပြည်နယ် ဖားအံမြို့ရှိ သုမေဓာရာမ ကြားတောရ ကျောင်းတိုက်တွင် ၆၈ နှစ်မြောက် ကရင့်အမျိုးသား အာဇာ နည်နေ့ အခမ်းအနား ပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်များ၊ ကရင်လက်နက်ကိုင် တပ်ဖွဲ့ များဖြစ်သည့် KNU-ကရင်အမျိုးသားအစည်းအရုံး၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်-DKBA ၊ နယ်ခြားစောင့်တပ်-BGF တပ်ဖွဲ့များမှ တာဝန်ရှိ သူများ၊ ကရင်နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများအပါအဝင် ဒေသခံလူထု ၅၀၀ နီးပါးတက်ရောက်ခဲ့သည်။ (KIC)

ဩဂုတ်လ ၁၂ ရက်နေ့တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) ၊ တပ်မဟာ(၇)ဌာနချုပ်၌ ပြုလုပ်သည့် (၆၈)နှစ်မြောက် ကရင့်အာဇာနည်နေ့ အခမ်းအနား၌ အာဇာနည်များ၏ ရည်မှန်းချက်များ ပြည့်ဝရန် ကရင်အမျိုးသားများအားလုံး စည်းလုံးညီညွတ်ရန် လိုအပ်ပြီဟု KNLA စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီး စောဂျော်နီမှ တိုက်တွန်း ပြောဆိုခဲ့သည်။ (KIC)

ဩဂုတ်လ ၁၂ ရက်နေ့တွင် ကရင်အမျိုးသားအာဇာနည်နေ့ အခမ်းအနားများကို ကရင်အမျိုးသားအစည်းအရုံး (KNU)မှ ဦးဆောင်၍ ဖာပွန်ဒေသ ဖာလုံကြီးရွာ၌ KNU တပ်မဟာ (၅)၊ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ KNU တပ်မဟာ (၇)ဌာနချုပ်၊ ရန်ကုန်၊ ဟသ်ာတ၊ ပန်း တနော်နှင့် မြောင်းမြတို့တွင် ပြုလုပ်ခဲ့သည်။ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ ဒေသ အချို့၌ ကျင်းပသော ကရင်အာ ဇာနည်နေ့အခမ်းအနားများကို ဟန့်တားမှုနှင့် ကြုံတွေ့ခဲ့ရသည် ဟု KNU ဒုဥက္ကဋ္ဌ ပဒိုစော ကွယ်ထူးဝင်းမှပြောခဲ့သည်။ (7Day)

(၆၈) နှစ်မြောက် ကရင်အာဇာနည်နေ့အခမ်းအနားများသို့ ပေးပို့သော ရခိုင်ပြည်အမျိုးသားကောင်စီ(ANC)၏သဝဏ်လွှာကိုအောက်ပါလင့်စ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ (ArakanArmy)

ဩဂုတ်လ ၁၂ ရက်နေ့တွင် ဟသ်ာတမြို့နယ် အုပ်ချုပ်ရေးမှူးအဖွဲ့မှ ကရင် အမျိုးသားအစည်းအရုံး KNU မှ ဗဟိုကော်မတီဝင် ပဒိုမန်းငြိမ်းမောင် အပါအဝင် ၅ ဦးအား ခွင့်ပြုချက်မရှိဘဲ ၆၈ နှစ်မြောက် ကရင့်အာဇာနည်နေ့ အခမ်းအနားကို ပြုလုပ်ခဲ့သဖြင့်ဟု ဆိုကာ တရားစွဲဆိုခဲ့သည်။ (RFA)

ဧရာဝတီတိုင်း၊ ဟသ်ာတမြို့တွင် ကရင်အာဇာနည်နေ့ကျင်းပခဲ့သည့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဗဟိုကော်မတီဝင် ဖဒိုမန်းငြိမ်းမောင်နှင့် ဒေသခံ ၅ ဦးကို အရေးယူမည်ဟု ဒေသခံဂဏပိုင်များမှ အကြောင်းကြား ထားကြောင်း၊ ဩဂုတ်လ ၁၂ ရက်နေ့က ပြုလုပ်ခဲ့သည့် ကရင် အာဇာနည်နေ့ အခမ်းအနားကို ဒေသဆိုင်ရာအာဏာပိုင်များက လာရောက်တားမြစ်ခဲ့ပြီး "ကရင်အာ ဇာနည်နေ့" ဆိုင်းဘုတ်ကို လည်းဖြုတ်ချ ခိုင်းခဲ့ကြောင်း ဖဒိုမန်းငြိမ်းမောင်မှ ပြောခဲ့သည်။ **"အခမ်းအနားကျင်းပတဲ့မနေ့ကပေါ့၊ ၁၂ ရက်နေ့မှာပဲ သူတို့လာတားလို့မရလို့ စာနဲ့အကြောင်းကြား တယ်။ အရေးယူမယ်ဆိုပြီးတော့ ဒီနေ့ကတော့ ခေါ်ပြောတယ်။ အမှုဖွင့်မယ်ဆိုပြီးသူတို့အကြောင်းကြားတာပေါ့နော်။ ပုဒ်မ ၂၆ နဲ့အရေးယူမယ်တဲ့"** ဟုပြောခဲ့သည်။ (Mizzima) (RFA)

## ထုတ်ပြန်ချက်

- **Government**

ဩဂုတ်လ ၉ ရက်နေ့ ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ **နားလည်မှုစာချွန်လွှာ (MoU) ကို လက်တွေ့ အကောင်အထည်ဖော်ရေးအတွက် ရခိုင်ပြည်နယ်သို့ UNDP နှင့် UNHCR ဝန်ထမ်းများအား ကွင်း ဆင်း၊ အကဲဖြတ်မှုများ ဆောင်ရွက်နိုင်ရန် ခရီးသွားလာခွင့်ပြုပြီ ဖြစ်ကြောင်း** သတင်းထုတ် ပြန်ချက်ခဲ့သည်။ (Eleven) (Mizzima)

- **Military**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့နယ်၊ နောင်ငင်းကျေးရွာနှင့် နားဟုတ်ကျေးရွာများတွင် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA) နှင့် ရှမ်းပြည်တိုးတတ်ရေးပါတီ(SSPP) တို့မှ လူနေထိုင်ခြင်း မရှိသော နေအိမ်များ၊ ဈေးဆိုင်များနှင့် အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးက ဩဂုတ် ၉ ရက် ညပိုင်းတွင် သတင်းထုတ်ပြန်ခဲ့သည်။ (MyanmarTime) (Military)

ဘားအံမြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်သို့ KNU/KNLA(PC)အဖွဲ့၊ ဗဟိုဌာနချုပ်၊ ဒေသဖွံ့ဖြိုးရေးဌာနမှ ဇူလိုင် ၁၈ ရက်တွင် ဥပဒေ ဘောင်အတွင်းသို့ ဝင်ရောက်ခဲ့သော ဒုတိယတာဝန်ခံ ဗိုလ်မှူးအဆင့်ရှိ စောဒွေးအောင် ဦးစီးအဖွဲ့မှ တပ်ခွဲမှူး အဆင့်ရှိ စောမျိုးကျော်(ဘ) ဦးကံမြင့်ဦးစီး အင်အား၁၃ ဦးတို့သည် လက်နက်၊ ခဲယမ်း ဆက်စပ်ပစ္စည်းများနှင့် အတူ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်၍ ဥပဒေဘောင်အတွင်း သို့ရောက်ခဲ့သည့် အပေါ် တပ်မတော်မှ ဩဂုတ်လ ၁၀ ရက်နေ့ နံနက်၁၀ နာရီခန့်တွင် သတင်းထုတ်ပြန်ခဲ့သည်။ (Military)

- **EAO**
-

ဇူလိုင်လ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့အထိ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ၏ ဗဟိုကော်မတီ ခြောက်လပတ် အစည်းအဝေး ပြုလုပ်ခဲ့ပြီး ဇူလိုင်လ ၃၁ ရက်နေ့တွင် မြန်မာတပ်မတော်၏ ၂၁ ပင်လုံညီလာခံ ပြုလုပ်နေသော်လည်း မြန်မာ့တပ်မတော်၏ ထိုးစစ်များ ပြုလုပ်နေခြင်းနှင့် စစ်ပွဲအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စစ်ရာဇဝတ်မှုများအား ကန့်ကွက်ရှုတ်ချကြောင်းနှင့် တအန်းပြည်နယ်တွင်း ဥပဒေ စိုးမိုးမှုများအကြောင်း ဆွေးနွေးခဲ့ပြီး ဇူလိုင်လ ၃၁ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ (TNLA) (NMG)

ကာကွယ်ရေးဦးစီးချုပ်ရုံးနှင့် သတင်းဌာနအချို့၏ "TNLA နှင့် SSPP ပူးပေါင်းစစ်ကြောင်းများအပေါ်" တဖက်သတ်စွပ်စွဲကာ သတင်း ရေးသား ဖော်ပြမှုအပေါ် TNLA မှ ထုတ်ပြန်ရှင်းလင်းချက်တစောင်အား ဩဂုတ်လ (၁၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ (TNLA)

- **CSO**

လူ့အခွင့်အရေး ချိုးဖေါက်နေမှုများကို မြန်မာ့တပ်မတော်မှ ဆက်လက်ကျူးလွန်နိုင်ခြင်း မရှိအောင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေနှင့်မြန်မာ အစိုးရကို ICC နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးတင်ဖို့လိုကြောင်း နိုင်ငံတကာရောက် ကမ္ဘာအနှံ့ ကရင်အသိုင်းအဝန်းများအဖွဲ့ (Karen Communities Worldwide) မှ ဇူလိုင် ၃၀ ရက်နေ့တွင် ကြေညာချက်တစောင်ထုတ်ပြန် တောင်းဆိုခဲ့သည်။ (RFA) (BurmaLink)

ပခုက္ကူမြို့ ၌ ပြုလုပ်မည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ငြိမ်းချမ်းရေးစကားဝိုင်းတွင် ပခုက္ကူကွန်ပျူတာတက္ကသိုလ်မှ ပါဝင်ဆွေးနွေးမည့် သူများကို ရုပ်ရည်ချောမောရမည်ဟူသည့် အချက်အပေါ် အခြေခံ ရွေးထားကြောင်း သိရသဖြင့် ကျောင်းအာဏာပိုင်အဖွဲ့၏ လုပ်ရပ်အပေါ်အုံ့အား သင့်ရကြောင်း ပခုက္ကူကွန်ပျူတာတက္ကသိုလ် ကျောင်းသားသမဂ္ဂမှ ဩဂုတ် ၃ ရက်စွဲဖြင့် သဘောထားတစောင်ထုတ်ပြန်ခဲ့သည်။ (7Day)

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) မှ အရပ်သားများကို ပြန်လွှတ်ပေးခြင်းမရှိဘဲ ဖမ်းဆီးထားခြင်းသည် ငြိမ်းချမ်းရေး လုပ်ငန်း စဉ်ကို ထိခိုက်စေနိုင်သည့်အပြင် အခြေခံလူ့အခွင့်အရေးကိုပါ ထိခိုက်စေသည်ဟု မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ဩဂုတ် ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ **"အဖမ်းခံရပါတယ်ဆိုပြီး တိုင်တာက ၂၀၁၇ခုနှစ် ဖွန် ၁၁ ရက် ရက်စွဲနဲ့တိုင်တာ"** ဟု မြန်မာနိုင်ငံ အမျိုးသားလူ့ အခွင့်အရေး ကော်မရှင် ပြောရေးဆိုခွင့်ရှိသူ ဦးယုလွင်အောင်မှ ပြောခဲ့သည်။ (Eleven) (TheLadies) (MNHRC)

ဩဂုတ်လ ၈ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ပြည်တွင်း ပြည်ပရှိ လားဟူအဖွဲ့အစည်းများ စုစည်း၍ စတုတ္ထအကြိမ် ၂၁ ရာစု ပင်လုံညီလာခံ အတွက် ရှေ့လုပ်ငန်းစဉ်များ ပြင်ဆင်နိုင်ရေးကိစ္စ နှင့် တတိယအကြိမ် ၂၁ ရာစုပင်လုံ ပြည်ထောင်စု ငြိမ်းချမ်းရေး သဘောတူစာချုပ် ရှင်းလင်းပွဲ တစ်ရပ်ကို ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် တတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံမှ ရရှိလာသည့် အချက်များကို ရှင်းလင်း ပြောဆိုသွားပြီး နောက်ပိုင်းတွင် ၎င်းအခြေခံပေါ်မူတည်၍ လားဟူလူမျိုးတို့၏ ဘုံသဘောတူညီချက်တစ်ရပ် ရယူပြီး ရှေ့လုပ်ငန်းစဉ်တစ်ရပ် ချမှတ်ပြီး စတ္တုတ အကြိမ် ၂၁ ရာစုပင်လုံညီလာခံတွင် လားဟူလူမျိုးတို့၏ လိုလားချက်များအား တင်ပြသွားနိုင်ရေး ပြင်ဆင်သွားမည်ဟု လားဟူအရပ်ဖက် အဖွဲ့ အစည်းမှ တာဝန်ရှိသူ ကျာယေရှဲလ်က ပြောခဲ့သည်။ (NMG)

- **နိုင်ငံရေးပါတီ**

ရခိုင်အမျိုးသားပါတီ၏ ပါတီဝင် လူငယ်များတွေ့ဆုံပွဲ တခုအား ဩဂုတ်လ ၁၁ ၊ ၁၂ ရက်နေ့တွင် ပြုလုပ်သွားမည် ဟု ဇူလိုင်လ ၃၁ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ကြေညာချက်တွင် မြို့နယ် တခုစီမှ ပါတီဝင် လူငယ်များအား စေလွှတ်ပေးရန် ပါရှိသည်။ (**Narinjara**)

- **နိုင်ငံတကာ**

ဩဂုတ်လ ၂ ရက်နေ့တွင် စင်္ကာပူနိုင်ငံ၌ ပြုလုပ်သည့် ၅၁ ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီးထုတ်ပြန်သည့် ပူးတွဲ ကြေညာချက်တွင် ရခိုင်အရေးအတွက် လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းတာကို အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ ASEAN နိုင်ငံခြား ရေးဝန်ကြီးမှ ကြိုဆိုကြောင်းကြေညာချက်တွင် ဖော်ပြခဲ့သည်။ (VOA) (RFA) (Eleven)
ဩဂုတ်လ ၈ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရခိုင်ပြည်နယ်မှ ထွက်ပြေးရောက်ရှိနေသည့် ဒုက္ခသည်များ ပြန်လည်ခေါ်ယူရေးအတွက် မြန်မာ အစိုးရနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည့် ကုလသမဂ္ဂ လက်အောက်ခံ UNHCR ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် UNDP ကုလဖွံ့ဖြိုးရေးအစီအစဉ်တို့က မြန်မာအစိုးရအနေနှင့်လုပ်ငန်းတွေ ထင်သာမြင်သာ တိုးတက်မှုရှိအောင်ဆောင်ရွက်ဖို့ ထုတ်ပြန်ချက် တစောင်ထုတ်ပြန်ခဲ့သည်။ (RFA)
မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ဝန်ကြီးအဆင့်အစည်းအဝေးပြုလုပ်ခဲ့ပြီး အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်း ဆောင်ရွက်မှု အရှိန်မြှင့်တင် ဆောင်ရွက်သွားရန် ဆိုသည့်အချက် အပါအဝင် အချက်ရှစ်ချက် သဘောတူညီခဲ့ကြောင်း နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာနက ဩဂုတ် ၁၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ (Eleven)

**သဘောထားမှတ်ချက်**

ဇူလိုင် ၂၉ ရက် နေ့လည် ၁ နာရီတွင် နေပြည်တော်ရှိ စည်ပင်ဧည့်ရိပ်သာ၌ ကျင်းပသောအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီအမှုဆောင်အ စည်းအဝေးအပြီးတွင်သတင်းမီဒီယာများအား အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီ၏ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်မှ "ကယားပြည် နယ်ဝန်ကြီးချုပ်က အုပ်ချုပ်ရေးပိုင်းကပုဂ္ဂိုလ်ဖြစ်သည့်အတွက် ကျွန်တော်တို့ကလုပ်ငန်းတစ်ခုချင်းအလိုက် ပြောခွင့် မရှိပါဘူး။ ကျွန်တော်တို့ပါတီ ရဲ့မူ ဝါဒဘယ်လိုရှိတယ်ဆိုတာကိုပဲ ကျွန်တော်တို့အဓိကပြောလို့ရပါတယ်ခင်ဗျ"ဟုပြောကြားခဲ့သည်။ ထို့ပြင် အစိုးရလက်ကျန် သက်တမ်း ၂ နှစ် အတွင်း ပြည်သူများ၏ နေ့စဉ် လူနေမှု ဘဝသိသာစွာ ပြောင်းလဲရေးမဖြစ်မနေကြိုးစားဆောင်ရွက်မည်ဟု ပြောခဲ့သည်။ (Popular) (SDT) (7Day)

ဇူလိုင် ၂၉ ရက် နေ့လည် ၁ နာရီတွင် နေပြည်တော်ရှိ စည်ပင်ဧည့်ရိပ်သာ၌ ပြုလုပ်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီအမှုဆောင်အ စည်းအဝေး အပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်မှ သတင်းမီဒီယာများအား "ကယားပြည် နယ်ဝန်ကြီးချုပ်က အုပ်ချုပ်ရေးပိုင်းက ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် ကျွန်တော်တို့ကလုပ်ငန်းတစ်ခုချင်းအလိုက် ပြောခွင့်မရှိပါဘူး။ ကျွန်တော်တို့ ပါတီ ရဲ့မူ ဝါဒ ဘယ်လိုရှိတယ်ဆိုတာကိုပဲ ကျွန်တော်တို့အဓိကပြောလို့ရပါတယ်ခင်ဗျ" ဟုပြောခဲ့သည်။ ထို့ပြင် အစိုးရ လက်ကျန် သက်တမ်း ၂ နှစ် အတွင်း ပြည်သူများ၏ နေ့စဉ် လူနေမှုဘဝ သိသာစွာ ပြောင်းလဲရေး မဖြစ်မနေ ကြိုးစားဆောင်ရွက်မည်ဟု ပြောခဲ့သည်။ (Popular) (SDT) (7Day)

မန်တုံမြို့နယ်၊ အွယ်လောကျေးရွာအနီး သတ်ခံခဲ့ရသည့် တအန်းဆေးမှူး အမျိုးသမီး ၆ ဦးသည် မသေဆုံးခင် တပ်မတော်သားများ၏ လိင်ပိုင်း ဆိုင်ရာ စော်ကားမှုများ ပြုလုပ်သည်ကို ခံခဲ့ရသည်ဟု အမျိုးသမီးများ အဖွဲ့ချုပ် – မြန်မာနိုင်ငံ (WLB) တွဲဖက်အထွေထွေအတွင်းရေးမှူး ၁ နော်ဆဲဆဲမှ ပြောခဲ့သည်။ " **ကျမတို့ အနည်းဆုံးတော့ လိင်ပိုင်းဆိုင်ရာ စော်ကားမှုနဲ့တော့ ယူဆလို့ ရတယ်။ ဥပမာ အကျီတွေ ဘောင်းဘီတွေ ချွတ်ထားတာ။ ခန္ဓာကိုယ်ရဲ့ ရင်သားမှာ သေနတ်တွေနဲ့ ထိုးထားတာတွေက လိင်ပိုင်းဆိုင်ရာ စော်ကားမှု ဖြစ်တယ်"** ဟု ပြောခဲ့သည်။ (Irrawaddy)

ဇူလိုင်လ ၃၁ ရက်၊ ပြည်ထောင်စု လွှတ်တော်အစည်းအဝေးအပြီး သတင်းမီဒီယာများမှ မေးမြန်းရာတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စစ်ဆေး မည်ဆိုသော လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ကော်မရှင်ဖွဲ့ခြင်းသည် လက်ရှိအစိုးရက ပြည်သူ့အသံကို လက်မခံတဲ့သဘောဖြစ်ကြောင်း ပျော်ဘွယ် မဲဆန္ဒနယ်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးမှ ပြောခဲ့သည်။ **"ဒီကန့်ကွက်တဲ့ ကြားထဲက အစိုးရက ဒါကို လုပ်တယ်ဆိုတော့ နိုင်ငံရေးအရ ပြောမယ်ဆိုရင် အရမ်းရဲတင်းလွန်းတယ်။ တိုင်းပြည်အတွက် တကယ်ကြည့်ဖို့ လိုတယ်။ ဒါလေးကိုတော့ အလေးအနက်ထားပြီးတော့ စဉ်းစားစေချင်တယ်။ ဒီဆောင်ရွက်ချက်ရဲ့ Impact ကတော့ စောင့်ကြည့် ရမယ့်သဘော။ အစ်ကိုတို့ မျှော်လင့်ထားတာကတော့ ကောင်းနိုင်တဲ့ အလားအလာကတော့ သိပ်မရှိဘူးလို့မြင်တယ်"**ဟု ဦးသောင်းအေးမှ ပြောခဲ့သည်။ (7Day) (Mizzima) (Irrawaddy)

တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) မှ ဩဂုတ် ၂ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်သည့် လစဉ်စာစောင်တွင် လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်မည်ဟု ထုတ်ပြန်မှသာ အများနှင့်အတူ လိုက်ပါနိုင်မည် ဆိုသည့် လမ်းကြောင်းသည် အခက်အခဲဆုံးဖြစ်ပြီး သုံးဖွဲ့စလုံး AA ၊ TNLA ၊ MNDAA အနေဖြင့် ထုတ်ပြန်ချက်ထုတ်မည် မဟုတ်ကြောင်း ဗိုလ်မှူးချုပ် တားဘုန်းကျော် ရေးသားထားသည့် "ဆွေးနွေးရေး လမ်းကြောင်း တကယ်ပြန်ပွင့်ပြီလား" ဆောင်းပါးတွင် ဖော်ပြခဲ့သည်။ (Eleven)

မြန်မာနိုင်ငံအရေးနှင့် ပတ်သတ်၍ လာမည့် ဩဂုတ်လ၂၈ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ တံခါးဖွင့်ဆွေးနွေးပွဲ ပြုလုပ်မည်ဟု ကုလ သမဂ္ဂ လုံခြုံရေး ကောင်စီ၏ အလှည့်ကျ ဥက္ကဋ္ဌ အဖြစ် စတင် တာဝန်ယူ ဆောင်ရွက်မည့် ဗြိတိန်နိုင်ငံ၏ သံအမတ်ကြီး ကရင်ပီးယားစ်မှ ထုတ်ဖော် ပြောကြားလိုက်ပြီး၊ ရခိုင်အရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အများအပြားကို တံခါးဖွင့် ဆွေးနွေးပွဲ၌ တင်ပြသွားမည်ဟု နယူးယောက် အခြေစိုက် ကုလသမဂ္ဂဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းမှ ပြောခဲ့သည်။ (BBC)

ရှမ်းပြည် ဖွဲ့စည်းပုံအခြေခံ ဥပဒေအတွက် ထိုင်းနိုင်ငံ တနေရာ၌ ရှမ်းခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြမည်ဟု ရှမ်းပြည် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းရေးဆွဲရေးကော်မတီ ဥက္ကဋ္ဌ တာဝန် ယူထား သည့် ဦးခင်းဆိုင်မှ ပြောခဲ့သည်။ (ShanNew)

ဩဂုတ်လ လကုန်ပိုင်းလောက်တွင် အကြမ်းဖက်ဖြိုခွင်းမှုကြောင့် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် တနှစ်ပြည့် အထိမ်းအမှတ် ပြုလုပ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ စီစဉ်နေကြောင်း RFA မှ သတင်းပြန်လည် ရေးသားဖော်ပြခဲ့သည်။ (RFA)

ဩဂုတ်လ ၂၈ ရက်နေ့တွင် ပြုလုပ်မည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ တံခါးဖွင့်အစည်းအဝေး၌ ရခိုင်ပြည်နယ် အရေးကိစ္စများနှင့် ပတ်သတ်ပြီး ဆွေးနွေးသွားမည်ဟု လုံခြုံရေးကောင်စီ၏ အလှည့်ကျ ဥက္ကဋ္ဌ တာဝန်ယူထားသည့် ဗြိတိန်နိုင်ငံရဲ့ သံအမတ်ကြီး ကရင်ပီးယားစ်က ထုတ်ဖော်ပြောခဲ့ သည်။ (BBC)

ရခိုင်ပြည်နယ် အကြမ်းဖက်တိုက်ခိုက်မှုများ နောက်ပိုင်း လုံခြုံရေးတပ်ဖွဲ့များ၏ နယ်မြေရှင်းလင်းမှုများ အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများ ကြောင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရိုဟင်ဂျာဒုက္ခသည် သိန်းချီ ထွက်ပြေးခိုလှုံခဲ့ရသည်။ တနှစ်နီးပါးကြာမြင့်လာပြီး ယခုအချိန်အထိ ဘင်္ဂလားဒေ့ရှ်ဘက်ကို တိမ်းရှောင်သွားသူ ရိုဟင်ဂျာဒုက္ခသည်များ နေရပ်ရင်းကို ပြန်သွားကြသည့်သတင်းမျိုးကို မရသေးသလို မြန်မာပြည်ဘက်မှ လည်း ပြန်လည် လက်ခံနေရာချထားရေး ဘယ်လိုအကောင်အထည်ဖော်နေခြင်းများရှိသလဲနှင့်၊ အဆင်သင့်ဖြစ်နေတယ် ဆိုတဲ့ လက်တွေ့ကျသည့် ဆောင်ရွက်မှုများကို မတွေ့ရဘူး ဟု ကုလသမဂ္ဂက ဩဂုတ်လ ၃ ရက်နေ့တွင် ပြောခဲ့သည်။ (VOA)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇား ဒေသ ဒုက္ခသည်စခန်းများတွင် ထောင်ပေါင်းများစွာသော ရိုဟင်ဂျာ ဒုက္ခသည်များသည် လိင်လုပ်သား အဖြစ် အတင်းအကျပ် စေခံရသူများအဖြစ် အနိုင်ကျင့် အမြတ်ထုတ် ခံရနိုင်သည့် အန္တရာယ် ကျရောက်နိုင်ချေ များပြားနေသည်ဟု International Organization for Migration အဖွဲ့မှ သတင်းဖော်ပြခဲ့သည်။ (VOA) (VOA)

ဩဂုတ် ၄ ရက်က စင်ကာပူ၌ ပြုလုပ်သော အာဆီယံဝန်ကြီးများ အစည်းအဝေး၏ ဘေးဆွယ် ဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက မြန်မာနိုင်ငံတကာ ပူးပေါင်းဆက်ဆံရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင်နှင့် တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် ဖမ်းဆီး ထိန်းသိမ်းထားသော ရိုက်တာသတင်းထောက် နှစ်ဦးကို ချက်ချင်းလွှတ်ပေးရန် တောင်းဆိုခဲ့ကြောင်း အမေရိကန် နိုင်ငံခြားရေး ဌာနက ပြောခဲ့သည်။ (Eleven)

ဩဂုတ်လ ၅ ရက်နေ့တွင် ၅၁ ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံမှ ထွက်ပြေးသွားပြီး ဘင်္ဂလားဒေ့ရှ်၌ ရောက်နေသည့် ဒုက္ခသည်များ မူရင်းနေရာများဆီ ကိုယ့်သဘောနှင့် ကိုယ်ပြန်နိုင်ရေးအပေါ် အာဆီယံ၏ သဘောထားကို စင်္ကာပူနိုင်ငံခြားရေး ဝန်ကြီး Vivian Balakrishnanမှ ပြောခဲ့သည်။ **"ဒုက္ခသည်တွေ ကိုယ့်သဘောနဲ့ကိုယ် မူရင်းနေရာတွေဆီ ပြန်နိုင်ရေး ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနိုင်ငံတို့အကြား တူညီတဲ့ သန္နိဋ္ဌာန်ကို ဆက်ပြီး တွန်း အားပေးလုပ်ဆောင်သွားဖို့ ကျနော်တို့အားလုံးက အားပေး တိုက်တွန်းပါတယ်။ ဒါပေမဲ့ ဒီကိစ္စကို ဘေးကင်း လုံခြုံပြီး ဂုဏ်သိက္ခာရှိတဲ့ အနေအထားနဲ့ လုပ်ရမှာ ဖြစ်သလို မလိုလားအပ်တဲ့ နှောင့်နှေးမှုတွေမရှိစေဘဲ လုပ်ဆောင်ရ မှာလည်း ဖြစ်ပါတယ်"** ဟု ဝန်ကြီး Balakrishnan မှ ပြောခဲ့သည်။ (VOA)

တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) အဖွဲ့ဝင်  အမျိုးသမီးဆေးမှုးများ သေဆုံးမှုအပေါ် တပ်မတော်အနေဖြင့် စုံစမ်းစစ်ဆေးသင့် ကြောင်း တိုင်းရင်းသားအရေးလေ့လာသူ ဦးမောင်မောင်စိုးမှ အကြံပြုခဲ့သည်။ **"ကျွန်တော့်အမြင်ကတော့ ဒီအခြေအနေဟာ စုံစမ်းစစ်ဆေးမှုလုပ် သင့်တယ်။ ဘာဖြစ်လို့လဲဆိုရင် ကယားပြည်နယ်မှာလည်း NCA လက်မှတ်ထိုးဖို့ဖြစ်ခါနီးမှာ KNPP က ရဲဘော်သုံး ယောက်နဲ့ အရပ်သား တစ်ယောက် အသတ်ခံရတယ်ဆိုတဲ့  ကိစ္စဖြစ်သွားတာကိုး။ အခုကျတော့လည်း အဲဒီလိုပြဿနာပေါ် ပြီးတော့ဖြစ်တယ်။ တပ်ကလည်း မဟုတ်ဘူး။ တိုက်ပွဲမှာကျတယ် လို့ငြင်းတယ်။ အဲဒီတော့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို မထိခိုက်အောင် ဒါကိုတော့ စုံစမ်းစစ်ဆေး မှုလုပ်သင့်တယ်"** ဟု ဦးမောင် မောင်စိုးမှ ပြောခဲ့သည်။  (7Day)

ဩဂုတ် ၇ ရက်နေ့ ညနေပိုင်းတွင် ရခိုင်ပြည်နယ်အရေးကိစ္စ၏ ရှုပ်ထွေးနက်နဲမှုများနှင့် အခက်အခဲများကို နားလည်ကြောင်း အမေရိကန်နိုင်ငံခြား ရေးဝန်ကြီး Mr. Mike Pompeo မှ ပြောဆိုခဲ့ကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။ (Myanmar Time)

**ဩဂုတ် ၇ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် -NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၆ ဖွဲ့ဖြစ်သည့် ကရင်ငြိမ်းချမ်းရေးကောင်စီ-KNU/KNLA(PC) ၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်-DKBA၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်-PNLO ၊ ချင်းအမျိုးသားတပ်ဦး-CNF၊ ရခိုင်လွတ်မြောက်ရေးပါတီ-ALP နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)တို့စုပေါင်း၍ နိုင်ငံတော်အဆင့်အထိ ရင်းနှီးမြှုပ်နှံနိုင်မည့် ကုမ္ပဏီကြီးတစ်ခု တည်ထောင် သွားမည်ဟု KNU/KNLA (PC) မှ စီးပွားရေးဌာနမှူး ဗိုလ်မှူး စောလားဒိုမှ ပြောခဲ့သည်။ " အခုလုပ်မယ့် ကုမ္ပဏီရဲ့ စီးပွားရေးလုပ်ငန်း ကတော့ နိုင်ငံတော်အဆင့် စီမံကိန်း တွေဖြစ်လိမ့်မယ်။ တပိုင်တနိုင် အသေးစားလုပ်ငန်းတွေက ကိုယ့်အဖွဲ့ အစည်းနဲ့ကိုယ် အရင်ကတည်းက လုပ်ကြတယ် ဆိုတော့ အခုက ဥပမာအနေ နဲ့ပြောရရင် လျှပ်စစ်ပါဝါလိုင်း တည်ဆောက်တာမျိုးတို့၊ သတ္တုတွင်း တူးဖော်တာမျိုးတို့ လုပ်ဆောင်မယ်လို့ ပြောထားတာရှိတယ်"ဟု ပြောခဲ့သည်။ (KIC)**

မြန်မာ့တပ်မတော်မှ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ဆေးမှူး အမျိုးသမီး ၆ ဦးကို စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင် သွားပြီးနောက် မုဒိန်းပြုကျင့်ကာ သတ်ဖြတ်ခဲ့ကိုသည်ကို သုံးသပ်တွေ့ရှိခဲ့ကြောင်း TNLA သတင်းနှင့်ပြန်ကြားရေး တာဝန်ခံ ဗိုလ်မှူး မိုင်းအိုက်ကျော် မှ ပြောခဲ့သည်။ **"ကျနော်တို့ သိတာက ကျနော်တို့ ဆေးမှူးအဖွဲ့နဲ့ အဲမှာ သူတို့အရှင်ဖမ်းမိတယ်။ အရှင်ဖမ်းပြီးမှ သတ်ဖြတ်လိုက်တာပေါ့။ သူတို့မသတ်ခင် စောစောပြောသလို အမျိုးသမီးတွေကို မုဒိန်းကျင့်ထားတဲ့ လက္ခဏာနဲ့ပေါ့နော။ ဒီဟာက တိုက်ပွဲမှာ ပစ်လို့ခတ်လို့ ကျဆုံးတာမဟုတ်ဘူး။ သူတို့အရှင်ဖမ်းတယ် ဖမ်းပြီးမှ ရိုတ်နှက်ထားတဲ့ဒဏ်ရာ ညှိုမဲတဲ့ ဒဏ်ရာတွေ ကျနော်တို့ တွေ့ရှိတယ်"** ဟု ပြောခဲ့သည်။ **(NMG)**

ဩဂုတ် ၇ ရက်နေ့ နေ့လည်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ယုဒသနရိပ်သာ၌ ပြုလုပ်သော ၁၉၉၀ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့နှင့် မိတ်ဖက်နိုင်ငံရေးအင်အားစုများ ညီလာခံအပြီးတွင် ရှမ်း တိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီဥက္ကဋ္ဌ ဦးခွန်ထွန်းဦးအနေဖြင့် လွန်ခဲ့ သည့် တစ်လကျော်ကပင် ပါတီဥက္ကဋ္ဌရာထူးမှ အနားယူထားပြီး မျိုးဆက်သစ်များအတွက် လမ်းဖွင့်ပေးထားရမည်ဟု ဦးခွန်ထွန်းဦးမှ ပြောခဲ့သည်။ (Eleven)

ဩဂုတ်လ ၈ ရက်နေ့တွင် ကချင်ပြည်နယ်တွင် အခြေပြုသော ကျောင်းသားတပ်မတော်(မြန်မာပြည်မြောက်ပိုင်း) ၏ ဗဟိုဌာနချုပ်စခန်း ဂျန်ထုန်-လခွမ်းဘွမ်၌ ကျင်းပသည့် နှစ် (၃၀) ပြည့် ရှစ်လေးလုံး လူထု အရေးတော်ပုံ အထိမ်းအမှတ်အခမ်းအနားတွင် ABSDF(မြောက်ပိုင်း) ဥက္ကဋ္ဌ ဗိုလ်မှူးလဆိုင်းမှ မြန်မာနိုင်ငံတွင် တပ်မတော်က အစိုးရ၏ အုပ်ချုပ်မှု ယန္တရား အထက်တွင် ရောက်ရှိနေသည့်အတွက် ပြည်သူလူထု တရပ်လုံး တောင်းဆိုခဲ့သည့် အခွင့်အရေးများမှာ ယနေ့တိုင် မရရှိသေးပဲ ရှိနေသည်ဟု ပြောခဲ့သည်။ (NMG)

ဩဂုတ်လ ၈ ရက်နေ့တွင် ပြုလုပ်သော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် SNLD ပါတီ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စိုင်းဝမ်းလျန်း ခမ်းမှ ယခုလက်ရှိရေးဆွဲနေသည့် မြေယာဥပဒေများအစား ပြည်ထောင်စု မြေယာ ဥပဒေတစ်ရပ်ပေါ်ထွန်းရေးကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း ပြောခဲ့သည်။ (ShanNew)

UNHCR ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Filippo Grandi ဖိလစ်ပိုး ဂရန်းဒီ က ရိုဟင်ဂျာ မွတ်စလင်တွေ နေရပ်ပြန်ရေးအတွက် အာရှပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံများအနေဖြင့် ဘင်္ဂလားဒေ့ရှ် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ပြုလုပ်ခဲ့သည့် ဝန်ကြီးများ ညီလာခံမှာ နိုင်ငံ ၂၆ နိုင်ငံက ဝန်ကြီးများနှင့် ဩဂုတ်လ ၇ ရက်နေ့က တွေ့ဆုံစဉ် ပြောခဲ့ခြင်းဖြစ်သည်။ (RFA)

၈၈ ရခိုင်အဖွဲ့၏ နှစ် (၃၀) ပြည့် ရှစ်လေးလုံး အရေးတော်ပုံနေ့ ထုတ်ပြန်ချက်တွင် စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအားလုံးပါဝင်သော ငြိမ်းချမ်းရေး ညီလာခံကို ဖော်ဆောင်ရန်၊ တရားဥပဒေ စိုးမိုးရေး နယ်မြေအေးချမ်း သာယာရေး အတွက် နိုင်ငံတော်မှ ထိရောက်စွာ ကာကွယ်ပေးရန်၊ ရခိုင်အရေးကော်မတီ/ကော်မရှင်တွင် ရခိုင်တတ်သိပညာရှင်များ ပါဝင်ခွင့် ရရန်နှင့် ရခိုင်နိုင်ငံရေး ပါတီခေါင်းဆောင်များအနေဖြင့် ပါတီအရေးထက် အမျိုးသား ညီညွတ်ရေးကိုရှေ့ရှုပြီး အမျိုးသားအကျိုးစီးပွားများကို ဖော်ဆောင်ရန် စသည့် အချက် (၄) ချက်ကို တောင်းဆိုခဲ့သည်။ (Narinjara)

ဩဂုတ်လ ၉ ရက်နေ့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ရိုဟင်ဂျာမွတ်ဆလင်များ အရေးအတွက်အမြောက်အများ ထွက်ပြေးသွားရသည့်ဖြစ်ရပ် အပေါ် စုံစမ်းစစ်ဆေးရန် နိုင်ငံတကာ ရာဇဝတ် တရားခုံရုံးအဖွဲ့ ICC ၏ ပန်ကြားချက်သည် "လုံးဝ ကျိုးကြောင်းခိုင်လုံမှုမရှိ" တာကြောင့် လက်မခံဘဲ ပယ်ချသင့်သည်ဟု နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။ (VOA) (Eleven)

ဩဂုတ်လ ၉ ရက်နေ့တွင် ကရင်ပြည်နယ်၊ မူတရော်(ဖာပွန်)ခရိုင်၊ အီတူးထကျေးရွာ၌ သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်ကော်မတီမှ ဦးဆောင်၍ ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဌာနေပြည်သူများနေ့ (International Day of the World's Indigenous Peoples) တွင် မြန်မာအစိုးရနှင့် စီးပွားရေးလုပ်ငန်း ဝင်ရောက်လုပ်ကိုင်ကြသည့် နိုင်ငံတကာအစိုးရများအနေဖြင့် ဌာနေတိုင်းရင်းသား ပြည်သူများ၏ အခွင့်အရေးအပေါ် လေးစား အသိအမှတ်ပြုရန် ကရင်ဌာနေ တိုင်းရင်းသားများမှ တောင်းဆိုလိုက်သည်ဟု အခမ်းအနား ဦးဆောင်အဖွဲ့ဝင် စောဒိုးဒိုမူးမှ ပြောခဲ့သည်။ (KIC)

ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့နယ် အရှေ့ချောက်ကန် ကျေးရွာ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပခုက္ကူ ဒေသခံရှစ်ဦးတို့၏ ငြိမ်းချမ်းရေး စကားဝိုင်း ပြုလုပ်ခဲ့သည်။ စကားဝိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်မှ အစိုးရက မမှန်မကန်ပြု လုပ်နေပါက မထောက်ခံဘဲ ထောက်ပြသင့်ကြောင်း၊ **"ကျွန်မတို့အစိုးရကို တ ကယ်ပဲချစ်ခင်လေးစားတယ်ဆို ရင် မမှန်တာကိုလုပ်နေလို့ရှိရင် မထောက်ခံ သင့်ဘူး။ မမှန်တာကို လုပ်နေလို့ရှိရင် ဒါကိုမမှန်ပါဘူး ဆိုတာကို ထောက်ပြသင့်တယ်။ ဒါပေမဲ့လည်း တချို့ကျတော့ ဒါ လည်းပြည်သူတွေအသိပဲ။ ကျွန်မ တို့အစိုးရဘာလုပ်လုပ်အပြစ်ရှာ ဖို့စောင့်ကြည့်နေတဲ့သူတွေလည်း ရှိတယ်။ အဲဒီဟာက နိုင်ငံအပေါ် မှာ စေတနာရှိလို့တော့မဟုတ် ဘူး။ သူတို့အပေါ် မှာ သူတို့စေတ နာရှိလို့ပဲလို့ ဒီလိုပဲ ကျွန်မတို့သတ် မှတ်ရမှာပဲ" ဟု ပြောခဲ့သည်။** (Eleven) (Popular) (7Day)

ဩဂုတ်လ ၉ ရက်နေ့တွင် မြန်မာအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်မြောက်ပိုင်းကို ကုလဝန်ထမ်းများ လွတ်လပ်စွာ သွားလာ ခွင့်မရဘူး ဆိုပြီး UNHCR နှင့် UNDP မှ သတင်းထုတ်ပြန်ထားသည် တဖက်သတ် စွပ်စွဲချက်သာဖြစ်ကြောင်း တုံ့ပြန်ပြောခဲ့သည်။ (RFA)

"ဝ" ပြည်သွေးစည်း ညီညွတ်ရေး တပ်မတော် (UWSA) အနေဖြင့် အပစ်ရပ် လက်မှတ်ထိုးရန် တပ်မတော်နှင့် အစိုးရဘက်မှ NCA ကို ပြင်ဆင်ခွင့်ရှိ ကြောင်း၊ မကြိုက်ပါက နုတ်ထွက်ခွင့်ရှိကြောင်းကို စာအားဖြင့် ကတိပြု ထုတ်ပြန်ပေးရန်လိုအပ်ကြောင်း UWSA ၏ လားရှိုးမြို့ ဆက်ဆံရေးရုံး တာဝန်ခံ ဦးညီရမ်းမှ ပြောခဲ့သည်။ **"၂၁ ပင်လုံတတိယအကြိမ် ရောက်တုန်းက ကျနော်တို့ FPNCC ကနေပြီးတော့မှ ထုတ်ပြန်တဲ့ စာတမ်းထဲမှာ ရေးပြီးသားပဲလေ၊ ရှင်းရှင်းလေး၊ တကယ်လို့ အထဲမှာဝင်ပြီးတော့ ပြင်ပါလို့တော့ တပ်မတော်ပိုင်းကပြောတာပေါ့။ တချို့ အချက်တွေက မကြိုက်ဘူးဆိုရင် ပြန်ထွက်လို့ရတယ်ဆိုတာလည်း ပြောနေ တာပေါ့။ အဲလိုပြောမယ့်အစား တိုက်ရိုက် စာသားနဲ့ ထုတ်ပြန်နိုင်ရင်တော့ ကျနော်တို့ အနေနဲ့ စဉ်းစားမယ်ဆိုတဲ့ အတိုင်းအတာထိလောက်ပဲရှိတယ်။ စဉ်းစားမှုတချို့ရှိတယ်လို့တော့ ပြောလို့ရတာပေါ့"** ဟု ပြောခဲ့သည်။ (Irrawaddy)

ဩဂုတ်လ ၉ ရက်နေ့တွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော် အုပ်ချုပ်မှုကျောင်းတွင် ဥပဒေ ဒီပလိုမာ ၆ လကြာ သင်တန်း တက်ရောက်နေသည့် ဗိုလ်မှူး ချုပ် နှင့် ဗိုလ်မှူးကြီး အဆင့်ရှိ အရာရှိကြီး ၂၁ ဦး နှင့် တွေ့ဆုံရာတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေသည်ဟု အကြောင်းပြပြီး ဥပဒေကို ချိုးဖောက်၍ မရကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ တပ်မတော် အရာရှိကြီးများ ကို သတိပေး ပြောခဲ့သည်။ (Mizzima)

အစိုးရ တပ်မတော် နှင့် မြောက်ပိုင်း စစ်ရေးမဟာမိတ်အဖွဲ့တို့ ယခုရက်ပိုင်းအတွင်း တွေ့ဆုံဆွေးနွေးရန် မူလကသဘောတူ ထားသော်လည်း တွေ့ဆုံ ဆွေးနွေးပွဲကို ရွှေ့ဆိုင်းလိုက်သည်ဟု ကချင် လွတ်မြောက်ရေး အဖွဲ့ (KIO) သတင်းနှင့် ပြန်ကြားရေး တာဝန်ခံ ဗိုလ်မှူးကြီး နော်ဘူမှ ပြောခဲ့သည်။ **"အရင်တုန်းကတော့ အဲဒါ ဒီနေ့တွေဖို့ ပြောထားတာတော့ ကျနော်ကြားရပါတယ်။ ဒါပေမယ့် အခုထက်ထိ တွေ့ဆုံမယ့် အကြောင်းတွေ ဘာမှတရားဝင် မကြားရတဲ့ အခါကျတော့ ရက်တွေ ဘာတွေများ ရွှေ့ပြောင်းလိုက်ပြီ လားပေါ့နော။"** ဟု ပြောခဲ့သည်။ (NMG)
ဩဂုတ် ၁၁ ရက်နေ့ နံနက်ပိုင်း တွင် မန္တလေးမြို့ရှိ မန္တလေးတက္ကသိုလ်၌ ပြုလုပ်သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် နိုင်ငံတော်၏အတိုင် ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ မြန်မာနိုင်ငံ၏ ပညာရေးစနစ်တွင် လက်ရှိအသုံးပြုနေသည့် အလွတ်ကျက်၍ အမှတ်ယူပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲရမည်ဖြစ်ပြီး ကိုယ်ပိုင်အတွေးအခေါ်ကို အသုံးပြုနိုင်ခွင့် ရရှိသည့် ပညာရေးစနစ်ကို ပြုစုပျိုးထောင်ရမည် ဖြစ်ကြောင်း ပြောခဲ့သည်။ (Eleven) (MyanmarTime) (ScOffice)

## တိုင်းရင်းသားပါတီများ

ဇူလိုင် ၂၉ ရက်နေ့တွင် ဖားအံမြို့၊ သုမေဓာရာမ ကြားတောရကျောင်းတိုက်၌ ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ ဖားအံမြို့နယ် အလုပ်အမှု ဆောင်ကော်မတီ ဖွဲ့စည်းရေး အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်း အဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် ကရင်အမျိုးသား ဒီမိုကရက် တစ်ပါတီ (KNDP) စတင်တည်ထောင်ပြီး ပါတီ စည်းရုံးရေးစဆင်းသည့် သုံးလအတွင်း ပါတီဝင် တစ်သောင်းဝန်းကျင်ရှိ လာပြီးဖြစ်သည်ဟု ပါတီဥက္ကဋ္ဌ မန်းအောင်ပြည်စိုးမှ သတင်းထောက်များကို ပြောခဲ့သည်။ **"ကျနော်တို့က ပါတီကိုမှတ်ပုံတင်ပေးဖို့ အနိမ့်ဆုံးလူတစ်ထောင် စာရင်းတင်ရတာကိုး။ စည်းရုံးရေးလုပ်ငန်းတွေ ပြည့်ပြည့် စုံစုံ မလုပ်နိုင်သေးခင်မှာပဲ အခုလောလောဆယ်မှာ ပါတီဝင်အင်အားကတော့ သောင်းဂဏန်း ဝန်းကျင်လောက် ရောက်ရှိနေပါ ပြီး"**ဟု ပါတီဥက္ကဋ္ဌ မန်းအောင်ပြည်စိုးမှ ပြောခဲ့သည်။ (KIC)

မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ (AMDP) နှင့် မွန်အမျိုးသားပါတီ (MNP) တို့ လက်ရှိနှစ်ပါတီပေါင်းစည်းရေး အပြီးသတ်ဆောင်ရွက်နေချိန်တွင် ကျန်ရှိသည့် အင်အားစုအားလုံး တပြိုင်တည်း ပါဝင် ပေါင်းစည်း လာရေးအတွက် အချိန်မဆွဲဘဲ သက်ဆိုင်ရာပါတီခေါင်းဆောင်များ အမြန်ဆုံးဆောင် ရွက်ပေးသင့်ကြောင်း မွန်ပြည်သစ်ပါတီ(NMSP) ဒုဥက္ကဋ္ဌနိုင်ဟံသာမှ MonNewsသတင်းဌာနနှင့် အင်တာဗျူး တွင် ပြောခဲ့သည်။ **"နှစ်ပါတီ ပေါင်းစည်းရေး ဦးဆောင်နေတဲ့ခေါင်းဆောင်တွေအနေနဲ့ ကျန်ရှိနေတဲ့အင်အားစုတွေ အထူးသဖြင့် မွန်ကိုယ်စားပြု ၂၁ ဦးအဖွဲ့ကိုလည်း တခါတည်းပါဝင် ပေါင်းစည်းလာနိုင်အောင် သဘောထား ကြီးကြီးနဲ့ အချိန်မဆွဲဘဲ အမြန်လက်တွဲဆွဲခေါ်ဖို့ ကျနော်တိုက်တွန်းလိုပါတယ်"** ဟု နိုင်ဟံသာမှ ပြောခဲ့သည်။ (MonNews)

**ဩဂုတ်လ ၁ ရက်နေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကချင်အခြေစိုက် နိုင်ငံရေးပါတီ ၄ ပါတီ ပေါင်းစည်းရေး အစည်းအဝေး ပြုလုပ်ခဲ့ပြီ ၄ ပါတီ ပေါင်းစည်းရေး သဘောတူညီမှု ရရှိခဲ့သည်။ ပေါင်းစည်းလိုက်သည့် ပါတီ နာမည်အား ကချင်ပြည်နယ်ပါတီ (Kachin State Party) ဟု ရွေးချယ်ခဲ့သည်။ အမှတ်တံဆိပ်များနှင့်ပတ်သတ်၍ ဩဂုတ်လ ၁၁ ရက်နေ့တွင် ထပ်မံ ဆွေးနွေး သွားကြမည်ဟု သဘောတူညီခဲ့သည်။ (Mizzima) (DVB)**

ဩဂုတ်လ ၆ ရက်နေ့ နေ့လည်ပိုင်းတွင် မော်လမြိုင်မြို့ တော်ဝင် ဟသ်ာဟိုတယ်၌ မွန်ဒေလုံးဆိုင်ရာဒီမိုကရေစီပါတီ AMDP နှင့် မွန်အမျိုးသားပါတီ MNP နှစ်ပါတီတို့၏ Mon Unity Community (MUC) နှင့် မွန်ကိုယ်စားပြု ပါတီ ၂၁ ဦးတို့၏ မွန်တပါတီဖြစ်မြောက်ရေးဆွေးနွေးပွဲ ပြုလုပ်ခဲ့ပြီး သဘောတူညီမှု အချက် ၅ ချက်ရရှိခဲ့သည်။ (MonNews) (MonNews) (Mizzima)

ဩဂုတ် ၆ ရက်နေ့ နေ့လည်ပိုင်းတွင် မော်လမြိုင်မြို့၊ တော်ဝင်ဟသ်ာဟိုတယ်၌ ပြုလုပ်သော မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ (AMDP) မွန်အမျိုးသားပါတီ (MNP) နှစ်ပါတီတို့၏ Mon Unity Community-MUC နှင့် မွန်ကိုယ်စားပြုပါတီ ၂၁ ဦးအဖွဲ့တို့၏ မွန်တစ်ပါတီဖြစ် မြောက်ရေး ဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲ၌ MUC ခေါင်းဆောင် နိုင်ကျန်ရစ်နှင့် မွန်ကိုယ်စားပြုပါတီ ၂၁ ဦးအဖွဲ့ ခေါင်းဆောင် နိုင်တလညီတို့ အချက် ၅ ချက်ကို သဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် မွန်အမျိုးသားကိုယ်စားပြုပါတီ ဖော်ဆောင် ရေးအဖွဲ့အနေဖြင့် နိုင်ငံရေးပါတီ မှတ်ပုံတင်မည် မဟုတ်ကြောင်း အဖွဲ့ခေါင်းဆောင် နိုင်တလညီမှ ပြောခဲ့သည်။ **(MonNew) (MonNew)**

ဩဂုတ်လ ၇ ရက်နေ့တွင် ပေါင်းစည်းပြီးဖြစ်သည့် မွန်ပါတီ နှစ်ပါတီဖြင့် အသစ်ဖွဲ့စည်းထားသော မွန်အမျိုးသားပါတီတို့ ပေါင်းစည်းရန် သဘော တူညီမှု ရရှိခဲ့သည်ဟု နှစ်ဖက်ကိုယ်စားလှယ်များက ပြောခဲ့သည်။ (NMG)

ဩဂုတ် ၁၁ ရက်နေ့က မြစ်ကြီးနားမြို့ ကုန်သည်ကြီးများဟိုတယ်၌ ပြုလုပ်သည့် အစည်းအဝေး၌ ကချင်နိုင်ငံရေးပါတီ လေးခုပူးပေါင်း၍ ပါတီသစ် ထူထောင်ရန် အမည်၊ အလံနှင့် အမှတ်တံဆိပ်တို့ကို သဘောတူအတည်ပြုခဲ့ကြောင်း ပါတီခေါင်းဆောင်များမှ ပြောခဲ့သည်။ ကချင်ပြည်နယ် ဒီမိုကရေစီ ပါတီ (KSDP)၊ ကချင်ဒီမိုကရက်တစ်ပါတီ (KDP)၊ ကချင်အမျိုးသားကွန်ဂရက်ပါတီ (KNC) နှင့် စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုး ရေးပါတီ ကချင်ပြည်နယ် (UDPKS) တို့မှ မိမိတို့ ပါတီများကို လုံးဝဖျက်သိမ်း၍ ပါတီသစ်ဖြင့်သာ နိုင်ငံရေးဆောင်ရွက်ရန် သဘောတူခြင်းဖြစ်ကြောင်း KDP ပါတီဥက္ကဋ္ဌ ဦးအောင်ခမ်း မှပြောခဲ့သည်။ (7Day) (Mizzima)

## အခြား

ဇူလိုင် ၂၉ ရက်နေ့တွင် ရန်ကုန်တိုင်း အစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမ၌ ပြုလုပ်ခဲ့သည့် နိုင်ငံတော်သမ္မတနှင့် ရန်ကုန်တိုင်း အတွင်းရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ တွေ့ဆုံပွဲခဲ့ပြီး နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်မှ **လက်ရှိအခြေအနေတွင် ပြုပြင် ပြောင်းလဲမှုကို တစ်ချို့မှ ငြိမ်းချောက်မှု တစ်ခုအဖြစ် မြင်ကောင်း မြင်နိုင်ပြီး ပြုပြင်ပြောင်းလဲမှုသည် ခြိမ်းခြောက်မှု မဟုတ်ဘဲ အခွင့်အလမ်း တစ်ခုဖြစ်ကြောင်း**၊ တရားရေးမဏ္ဍိုင်ကို တိမ်းစောင်းသွားစေသည့် လတ်တလော ဖြစ်ပေါ်ခဲ့သည့် ပြည်သူအချင်းချင်း ကျေးအေးခဲ့သည့် အမှုသည် လက်ခံနိုင်စရာ မရှိဘဲ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး စစ်ဆေးသွားမည် ဖြစ်ကြောင်း ပြောခဲ့သည်။ တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်း အစိုးရအဖွဲ့၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်နဲ့ လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ (RFA) (Mizzima) (VOA) (The Ladies)

**ဇူလိုင်လ ၃၀ ရက်နေ့တွင် အသရေဖျက်မှုဖြင့် ပိတ်မိပြည်သူ လွတ်မြောက်ရေး ဦးဆောင်သူ သုံးဦးအား ရုံးထုတ်စစ်ဆေးပြီး တရားစွဲဆိုခဲ့သည့် ဒုတိယ ဗိုလ်မှူးကြီး မျိုးမင်းဦး၏ တရားလိုပြသက်သေ နှစ်ဦးသည် ၎င်းတို့ကိုယ်တိုင် အတိအကျမသိရှိဟု ထွက်ဆိုခဲ့ကြောင်း တရားစွဲဆိုခံရသူများ၏ ရှေ့နေ ဦးမုန်ဆိုင်းကူးမှ ပြောခဲ့သည်။ ဩဂုတ်လ ၆ ရက်နေ့အား ရုံးချိန်းအဖြစ် တရားရုံးမှ သတ်မှတ်ခဲ့သည်။** (Kachinwaves)

ဇူလိုင် ၃၀ ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်တရားရုံး၌ နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေနှင့် တရားစွဲဆိုဖမ်းဆီးခံထားရသည့် ရိုက်တာ သတင်းဌာနမှ သတင်းထောက် ကိုဝလုံးနှင့် ကိုကျော်စိုးဦးအားရုံးထုတ်စစ်ဆေးခဲ့သည်။ ရုံးထုတ်တွင် တပ်ကြပ် နိုင်လင်း ထွက်ဆိုချက်နှင့် ရိုက်တာ သတင်းဌာနမှ ယာဉ်မောင်းထွက်ဆိုချက် ကွဲလွဲနေသည်ဟု သတင်းထောက်များ၏ ရှေ့နေ ဦးသန်းဇော်အောင် မှ ပြောခဲ့သည်။ (RFA) (Mizzima)

ဇူလိုင်လ ၃၀ ရက်နေ့တွင် မချမ်းဘော့မြို့နယ် တရားရုံး၌ ၂၀၁၃ ခုနှစ်က အင်ခါဂါးရွာတွင် တိုက်ပွဲဖြစ်ပွားချိန် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) သတင်းပေးလုပ်ခဲ့သူဟု စွပ်စွဲခံ ထားရသည့် ဆရာမင်ဆိုင်း၏ အမှုကို ရုံးထုတ်စစ်ဆေးခဲ့သည်။ ယခုချိန်ထိ စစ်ဆေးချက်အရတော့ သက်သေ အရမ်းကြီး ခိုင်လုံမှုများကို မတွေ့ရှိ သေးကြောင်း "**အခုနောက်ဆုံးအခြေအနေက သက်သေတွေကို စစ်ဆေးနေတုန်းပဲ။ စစ်တဲ့ သူတွေက အရေးကြီးတဲ့ သက်သေတွေတော့ မစစ်ရသေးဘူး။ တစ်ခုကတော့စစ်ပြီးပြီ။ ဒါပေမဲ့ ဒီအမှုနဲ့ပတ်သက်ပြီး သေသေချာချာ သိတဲ့သူတွေကိုတော့ ခုချိန်ထိမစစ်ဆေးရသေးဘူး။**"ဟု ဆရာမင်ဆိုင်း၏ ရှေ့နေ မှ ပြောခဲ့သည်။ (Kachinwaves)

ဇူလိုင်လ ၃၀ ရက်နေ့တွင် တိုက်ပွဲကြောင့် ပိတ်မိပြည်သူများ လွတ်မြောက်ရေး ကချင်လူငယ်ထု၏ ဆန္ဒထုတ်ဖော်ပွဲကို ဦးဆောင်သူသုံးဦးအား အသရေဖျက်မှုဖြင့် တရားစွဲဆိုထားသည့် ဒုတိယ ဗိုလ်မှူးကြီး မျိုးမင်းဦး၏ တရားလိုပြသက်သေနှစ်ဦးအား ရုံးချိန်းတွင် စစ်ဆေးခဲ့သည်။ စစ်ဆေး ရာတွင် ၎င်းတို့ကိုယ်တိုင် အတိအကျမသိရှိဟု ထွက်ဆိုခဲ့ကြောင်း တရားစွဲခံရသူများ၏ရှေ့နေ ဦးမုန်ဆိုင်းတူးမှ ပြောခဲ့သည်။ (Kachinwaves)

ဇူလိုင် ၃၀ ရက်နေ့ အမိန့်ကြော်ငြာချက် ၉၆၀/၂၀၁၈ ဖြင့် ရဲချုပ် ဒုတိယ ရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးသည် ပြည်ထဲရေးဝန်ကြီးဌာန ခွင့်ပြုမိန့်ဖြင့် ရန်ကုန် တိုင်းရဲတပ်ဖွဲ့မှူးသို့ အပြောင်းအရွှေ့ပြုလုပ်ခဲ့ပြီး လက်ရှိ ရဲမှူးချုပ်ဝင်းနိုင်နေရာသို့ ရဲအရာရှိလေ့ကျင့်ရေးကျောင်း ယာယီ ရဲမှူးချုပ် မျိုးမင်းထိုက် နှင့် အစားထိုး ခန့်အပ်တာဝန်ပေးခဲ့ပြီး၊ ဧရာဝတီတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးရဲမြင့်ကို ရဲအရာရှိအတတ်သင်ကျောင်း ကျောင်းအုပ်ကြီး၊ မှူခင်းဌာန၊ ရဲဦးစီး ဌာနကြီးညွှန်ကြားရေးမှူး ရဲမှူးကြီးရွှေသောင်း ကို ဧရာဝတီတိုင်းရဲတပ်ဖွဲ့မှူး အဖြစ်လည်းကောင်း၊ ရဲအရာရှိအတတ်သင်ကျောင်းမှ ကျောင်းအုပ်ကြီး ရဲမှူးကြီးလူလူသန်းကို ရဲမှူးချုပ် အဖြစ်ရာထူးတိုးကာ ရဲအရာရှိ လေ့ကျင့်ရေးကျောင်းအုပ်ကြီးအဖြစ်သို့ ပြောင်းရွှေ့ ခန့်အပ်ခဲ့သည်။ (Popular)

ဇူလိုင်လ ၃၀ ရက်နေ့တွင် နိုင်ငံတော် သမ္မတရုံးမှ ရခိုင်ပြည်နယ် အရေးကိစ္စများနှင့် ပတ်သတ်ပြီး လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင်များမှာ ဖိလစ်ပိုင်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း ကုလသမဂ္ဂ CEDAW ကော်မတီ၏ ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင် သံအမတ်ကြီး ရိုဆာရီယိုမယ်နာလို၊ မြန်မာနိုင်ငံ ဖွဲ့စည်း အခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌဟောင်း ဦးမြသိန်း၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အရေးပေါ် ကယ်ဆယ်ရေး ညှိနှိုင်း ရေးမှူးဟောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်းကိုယ်စားလှယ်ဟောင်းနှင့် ယူနီဆက် အဆင့်မြင့် အရာရှိကြီးဟောင်း ကုလသမဂ္ဂဝန်ထမ်း ကောလိပ် ကျောင်းအုပ်ကြီးဟောင်း ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် တို့ ဖြစ်သည်။ (PresidentOffice) (RFA)

ရခိုင်ပြည်နယ်တွင် မြန်မာတပ်မတော်မှ ရိုဟင်ဂျာများအပေါ် ပြုလုပ်ခဲ့သော အကြမ်းဖက်မှုကျူးလွန်သူများအား အရေးယူရအတွက် အမေရိကန် နိုင်ငံခြားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့အကြား အငြင်းပွားမှုများ ရှိခဲ့သည်။ (MyanmarNow) (Politico)

ရခိုင်ပြည်နယ် မြို့နယ်တော်တော်များများတွင် စစ်တပ်မှသိမ်းယူသွားခဲ့ပြီး ၂၀၁၄ ခုနှစ်က စွန့်လွှတ်ခဲ့သည့် မြေအချို့အား ပြန်လည် မရှိသေး သောကြောင့် ဇူလိုင်လ ၃၁ ရက်နေ့တွင် လူထု ဦးဇော်ဝင်းမှ ရခိုင်ပြည်နယ် အစိုးရအား စာ ၄ စောင့်တင်ခဲ့သည်။ (Narinjara)

ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) ၏ အသက် ၆၀ နှစ်ကျော်ရှိပြီဖြစ်သည့် ဒုတပ်မှူးရဲဘော် အိုက်လွန်းသည် ကျန်းမာရေးအရ အနားယူသွားသည်ဟု UWSA ၏ လားရှိုး ဆက်ဆံရေးရုံး တာဝန်ခံ ဦးညီရန်းမှ ပြောခဲ့သည်။ (BBC) (7Day)

ဩဂုတ်လ ၁ ရက်နေ့တွင် နေပြည်တော်၌ ပြုလုပ်သည့် ဒုတိယအကြိမ်၊ ပြည်ထောင်စုလွှတ်တော်၊ ၉ ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ ပဉ္စမနေ့တွင် ပြည်ထောင်စုလွှတ်တော်နာယက တာဝန်များကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမန်းဝင်းခိုင်သိန်းမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သို့ လွှဲပြောင်းပေးခဲ့ပြီး၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်မှ အစိုးရ၏ အကောင်အထည်ဖော်မှုများကို ပြည်သူက ချက်ချင်းမြင် တွေ့လိုကြသော်လည်း ဒီမိုကရေစီစနစ်၏ ပင်ကိုယ်အခြေခံသဘောတရားအရ တစ်ခါတစ်ရံတွင် အဖြေအတွက် အချိန်ကာလတစ်ခု ယူရန်လိုအပ်သည်ကို အထူး သတိပြုရမည်ဟု လွှတ်တော်သို့ နှုတ်ခွန်းဆက်အမှာ စကားပြောပြောကြားရာတွင် ထည့်သွင်းပြောခဲ့သည်။ (MMTime) (7Day) (Myanamr Time) (The Ladies) နာယက အပြောင်းအလဲ အပေါ် အမြင်များ ဦးဝင်းထိန်၊ ဦးသောင်းအေး၊ ဦးဇော်မြင့်ဖေ (DVB)

ရခိုင်ပြည်နယ်မြောက်ဦးမြို့တွင် ဖြစ်ပွားခဲ့သော လူစုလူဝေးဖြစ်ပေါ်မှုနှင့် သေနတ်ပစ်ဖောက်မှုများကြောင့် သေနတ်ဒဏ်ရာ ရရှိခဲ့ပြီးနောက် ဆေးရုံတွင် ဖမ်းဆီးခံခဲ့ရသည့် လူငယ် ရှစ်ဦးအား ဩဂုတ် ၁ ရက်က ၁၇ ကြိမ်မြောက် ရုံးထုတ်ခဲ့ကြောင်းပြီး တရားလိုပြသက်သေများအား အပြီးစစ်ဆေးခဲ့သည်။ အမှု စွဲချက်တင်သင့်မတင်သင့်အား ဩဂုတ်လ ၁၃ ရက်နေ့တွင် ဆုံးဖြတ်မည် ဖြစ်သည်။ (Eleven)

ဩဂုတ် ၂ ရက်နေ့တွင် ပြုလုပ်သည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)လွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်းမှ ဖျက်သိမ်းခဲ့သည့် ပွင့်လင်းသော အစိုးရအဖွဲ့ဝင် ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီများကို ယခုအစိုးရလက်ထက်တွင် ပြန်လည် အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ မရှိအား မေးမြန်းခဲ့ပြီး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်မှ ပျက်ပြီး၊ ဖျက်သိမ်းပြီး၊ ပျက်ပြယ်ပြီးဖြစ်တဲ့ ကိစ္စရပ်များကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုသည်မှာ မည်သို့မျှ မဖြစ်နိုင်သည့်အတွက် အစီအစဉ် မရှိပါဘူးဟု ပြောခဲ့သည်။ (Eleven)

မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်)မှ သိမ်းဆည်းထားသည့် မြေယာများထဲမှ စွန့်လွှတ်မြေဧက ၃၀၀၀ ကျော်ကို မူလတောင်သူများဆီ ပြန်လည်ပေးအပ်သည့် အခမ်းအနားအား ဩဂုတ်လ ၅ ရက်နေ့ နေ့လည်ပိုင်းတွင် တံတားဦးမြို့နယ် အင်းဂုခန်းမ၌ ပြုလုပ်ခဲ့သည်။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟို ကော်မတီဥက္ကဋ္ဌ၊ ဒုသမ္မတ(၂)ဦးဟင်နရီဗန်ထီးယူကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးအပ်ခဲ့ပြီး၊ **"မြေယာပြန်လည် လုပ်ကိုင်ခွင့်ရတဲ့ တောင်သူလယ် သမားဦးကြီးများအနေနဲ့လည်း ဒီလယ်ယာမြေများကို သားစဉ်မြေးဆက်တိုးတက်အောင် ရင်းနှီးမြှုပ်နှံရင်းနဲ့ ပြည်တွင်း ရိက္ခာဖူလုံရေး အတွက် သာမက ပြည်ပပို့ကုန်ထုတ်လုပ်တင်ပို့ရောင်းချနိုင်ဖို့အတွက်ပါ ဆက်လက် ကြိုးစားပေးကြပါ"**ဟု ပြောခဲ့သည်။ (Popular)

ဖမ်းဆီးထိန်းသိမ်းခံ ထားရသည့် ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့ လွတ်မြောက်ရေးအတွက် ဒေသခံ ပြည်သူ ၃၀၀ ကျော် ခန့် မှ ဩဂုတ်လ ၅ ရက်နေ့ နေ့လည် ၂ နာရီအချိန်မှ စတင်၍ စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီး၌ ဆုတောင်းပွဲ ပြုလုပ် ခဲ့သည်ဟု ဆုတောင်းပွဲ ဖြစ်မြောက်ရေးကို ဦးဆောင်သူ ဒေါ်ကျော့စိန်မှ ပြောခဲ့သည်။ **" တာဝန်သိ ပြည်သူတွေက ဦးဆောင်ပြီး လုပ်တာပါ။ ဒေါက်တာ အေးမောင်တို့ ဖမ်းဆီး ခံထားရတာ ရခိုင်ပြည်သူ တစ်ရပ်လုံးက မတရားလို့ မြင်တဲ့ အတွက် အားလုံးက သူတို့ လွတ်မြောက်ရေးကို လိုချင်တယ်။ ဒီအတွက် ဒေါက်တာ အေးမောင်နဲ့ ဆရာဝေဟင်အောင်တို့ နှစ်ဦး လွတ်မြောက်ရေးအတွက် ဆုတောင်းကြတာသာ ဖြစ်ပါတယ်"** ဟု ပြောခဲ့သည်။ **(Narijara)**

ဩဂုတ် ၆ ရက်နေ့တွင် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် တရားရုံး၌ ဗိုလ်ချုပ်ရုပ်တု မတည်ဆောက်ရန်နှင့် ကရင်နီသမိုင်း အမှန်စာရွက်များ ဖြန့်ဝေ မှုဖြင့် ပုဒ်မ ၅၀၅ (ခ)(ဂ) ဖြင့် တရားစွဲဆိုခံထားသော လူငယ်ခုနစ်ဦးအနက် တရားရင်ဆိုင်နေသော လူငယ်လေးဦးအားရုံးထုတ်စစ်ဆေးခဲ့သည်။ စစ်ဆေးရာတွင် နောက်ရုံးချိန်း၌ ထပ်မံတရားစွဲဆိုထားသော လူငယ်သုံးဦး လာရောက် တရားမရင်ဆိုင်လျှင် ဖမ်းဝရမ်း ထုတ်မည်ဟုမြို့နယ် တရားသူ ကြီးမှ ပြောသည်ဟု သွားရောက် ဝန်းရံသူ ကရင်နီပြည်တောင်သူလယ်သမားသမဂ္ဂမှ လားဘွယ်ထူးမှ ပြောခဲ့သည်။ တရားရုံးချိန်းသို့ ရန်ကုန်မြို့မှ လူ့ဘောင်သစ် လူငယ်များ၊ ကရင်နီပြည် လူငယ်များသမဂ္ဂ အဖွဲ့ဝင်များ၊ ကရင်နီပြည်တောင်သူလယ်သမားသမဂ္ဂအဖွဲ့ဝင်များ၊ အရပ်ဘက်အမျိုးသမီး အဖွဲ့များ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများမှ ဝန်းရံခဲ့သည်။ (Eleven) **(Kantarawaddy)**

ဩဂုတ် ၆ ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ ရိုက်တာသတင်းထောက်၂ ဦးအား ရုံးထုတ်စစ်ဆေးခဲ့သည်။ ရုံးထုတ်တွင် Yangon Journalism School (YJS) မှ ဆရာ ဦးရဲနိုင်မိုးနှင့် ကိုဂလုံး၏ သူငယ်ချင်း ကိုသန့်ဇင်စိုးတို့ နှစ်ယောက်ကိုစစ်ဆေးခဲ့ပြီး နောက်အပတ်ရုံးချိန်း ဩဂုတ် ၂၀ ရက်နေ့တွင် နှစ်ဖက်ရှေ့နေများ လျှောက်လဲချက်ပေးမည်ဖြစ်ပြီး အပြီးသတ်အမိန့်ချမည်ဟု သတင်းထောက်နှစ်ဦး၏ ရှေ့နေ တရား လွှတ်တော်ရှေ့ နေ ဦးသန်းဇော်အောင်မှ ပြောခဲ့သည်။ (Eleven) (7Day)

ဩဂုတ်လ ၆ ရက်နေ့တွင် စစ်တွေ ခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ရခိုင်ပြည်နယ် ရသေ့တောင်မြို့ ကြားဖြတ်ရွေး ကောက်ပွဲတွင် ယှဉ်ပြိုင် မည့် လွှတ်တော် ကိုယ်စား လှယ်လောင်းများ၏ အမည်စာရင်းအား ထုတ်ပြန် ကြေညာခဲ့သည်။ **(Narinjara)**

အစိုးရနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR နှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် UNDP တို့အကြား လက်မှတ်ရေး ထိုးထားတဲ့ MoU ခေါ် နားလည်မှု စာချွန်လွှာကို စတင်အကောင် အထည်ဖော်သည့် အနေဖြင့် မြန်မာအစိုးရက ရခိုင်ပြည်နယ် မြောက်ပိုင်းက အခြေအနေများကို ကွင်းဆင်းဆောင်ရွက်နိုင်ဖို့အတွက် ကုလသမဂ္ဂဌာနဆိုင်ရာ ဝန်ထမ်းတွေကို ကျေးရွာပေါင်း ၂၃ ရွာကို ခရီးသွားလာ ခွင့်ပြုခဲ့သည်။ (VOA) (MyanmarTime)

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားနေခြင်းသည် မှောင်ခိုလုပ်ငန်းလုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်း ရှင်များအတွက် အခွင့်အလမ်း တစ်ရပ်ဖြစ်နေပြီး တရားမဝင်ကုန်သွယ်မှုကိုလဲ မြင့်တက် စေသည် ဟု မူဆယ် ၁၀၅ မိုင် နယ်စပ်ဇုန်ရှိ စီးပွားရေးလုပ်ငန်းရှင်များက ပြောခဲ့သည်။ (Marnagar)

ဩဂုတ်လ ၉ ရက်နေ့တွင်ရခိုင်ပြည်နယ် မောင်းတော ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်သည် သတင်းထောက်များအား အကြမ်းဖက်သမားများ ဝင်ရောက် တိုက်ခိုက်မည်ဟု သတင်းရရှိထားသဖြင့် ဒေသတွင်း လုံခြုံရေး အဖွဲ့အစည်းများ အသင့်ပြင်ထားကြောင်းနှင့် ပြည်သူများ မစိုးရိမ်ကြရန် ပြောခဲ့သည် ဟု 7day သတင်းဌာနမှ သတင်းဖော်ပြခဲ့သည်။ (7day)

ကယားပြည်နယ်၏ မြို့နယ် ၂ ခုတွင် ရာဇသတ်ကြီး ပုဒ်မ ၅၀၅ ဖြင့် လူ ၈ ဦးအား တရားစွဲဆိုထားပြီးနောက် ဖါးဆောင်းမြို့နယ်အာဏာပိုင်များက လူ ၂ ဦး အား ထပ်မံ တရားစွဲဆိုခဲ့သည်။ တရားစွဲဆို ခံရသူများဖြစ်သော ခွန်းကောရီယိုနှင့် ကိုဘွဲ့ထူးတို့ နှစ်ဦးက ဖားဆောင်းမြို့နယ်တွင် ကရင်နီပြည် သမိုင်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကန့်ကွက်ကြောင်းစာရွက်များ ဖြန့်ဝေခဲ့ခြင်းနှင့် ပတ်သက်၍ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ) ဖြင့် အာဏာပိုင်က တရားစွဲဆို ထားခြင်းဖြစ်သည်။ အဆိုပါ လူ၂ ဦးအား တရားရုံးသို့ လာရောက်ရန် ဖားဆောင်းမြို့နယတရားရုံးက ဩဂုတ်လ (၁၀) ရက်နေ့တွင် ဆင့်ခေါ်ခဲ့သည်။ စွပ်စွဲခံရသူ ၂ ဦးအနက် ခွန်းကောရီယို သည် စာရွက် ဖြန့်ဝေခဲ့ရာတွင် ပါဝင်ခဲ့ခြင်းမရှိဟု ၎င်းက ငြင်းဆိုခဲ့သည်။ (Kantarawaddy)

ဩဂုတ်လ ၁၀ ရက်နေ့ နက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ ကျောက်ဆည်ခန်းမ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာ နိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်နာယက ဦးမန်းဗဟာဒူး ဦးဆောင်သည့် အဖွဲ့တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာလင်းတို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူဓမ္မ အဖွဲ့ချုပ်နာယက ဦးမန်းဗဟာဒူး နှင့်အတူ နာယကဖြစ်သည့် ဦးရာဂျန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (Military)

ဩဂုတ်လနှင့် စက်တင်ဘာ နှစ်လအတွင်း ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသအပါအဝင် မြို့ကြီးများတွင် ARSA အကြမ်းဖက်သမားများ တကျော့ပြန် ဝင်ရောက်တိုက်ခိုက်လာနိုင်သည်ဆိုသော မြေပြင် သတင်းများအရ လုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်ထားကြောင်း ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှ ပြောခဲ့သည်။ **"နယ်စပ်ဒေသမှာ ဖြစ်နေတဲ့ သတင်းတွေ၊ အင်တာနက်ပေါ်မှာလည်း တွေ့နေမှာပါ။ ပြန်လည်တိုက်ခိုက်မယ်တို့၊ နယ်စပ်ခြံစည်းရိုး ဘာဖြစ် တယ်။ ဘာလုပ်မယ်။ ဆိုပြီးတော့ တွေ့နေကြမှာပေါ့။ အဲဒါတွေမှာ လုံခြုံရေး စိုးရိမ်ရတာရှိတယ်ပေါ့။ အဲဒီအတွက်ကြောင့် အကြမ်းဖက် သောင်းကျန်း သူတွေ မိုင်းခွဲတိုက်ခိုက်တာတို့၊ ဆူပူအကြမ်းဖက်တာတို့ ဖြစ်လာ လို့ရှိရင် ကာကွယ်နိုင်အောင်လို့ပါ။"** ဟု ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ် ရဲမှူးကြီး အောင်မြတ်မိုးမှ ပြောခဲ့သည်။ (Mizzima) (Narinjara)

ဩဂုတ် ၁၀ ရက်နေ့ ည ၇ နာရီခန့်တွင် မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်ခိုင်မှ နရဉ္ဇရာ သတင်းဌာနသို့ **ရခိုင်ပြည်နယ် အနောက်ဘက် အစွန်ဆုံး မောင်တောမြို့နယ် အတွင်းသို့ ARSA အကြမ်းဖက်အဖွဲ့ ဝင်ရောက် တိုက်ခိုက်မည်ဟု သတင်းရ၍ လုံခြုံရေး တိုးမြှင့်ထားသည်ဆိုသော သတင်းမှာ မဟုတ်မှန်ကြောင်း** ပြောခဲ့သည်။ (Narinjara)

ဩဂုတ် ၁၁ ရက်နေ့တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ပုဒ်မ ၁၄၄ ညမထွက်ရ အမိန့်ကို နောက်ထပ် ၂ လ တိုးမြှင့် ထုတ်ပြန်လိုက်သည် ဟု မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်မှ Narinjara သတင်းဌာနသို့ ပြောခဲ့သည်။**" ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ကို ဩဂုတ် ၁၁ ရက်နေ့စွဲနဲ့ ထုတ်ပြန်ပါတယ်။ ညနေ ၁၀ နာရီကနေ နံနက် ၅ နာရီ အထိ ညမထွက်ရ အမိန့် ဖြစ်ပါတယ်။ အရင်အတိုင်းပါဘဲ"** ဟု ပြောခဲ့သည်။ (Narinjara) (BBC)

## နိုင်ငံတကာဆက်ဆံရေး

ဇူလိုင် ၃၀ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာဧည့်ခန်းမဆောင်၌ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ichiro MARUYAMA တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် အကြားချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ကူညီ ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောဒေသအတွင်း ဖြစ်ပွားလျက်ရှိသည့် ပြဿနာများအား ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် တပ်မတော် အရာရှိကြီးများ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့်အတူ သံရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (Military)

ဩဂုတ်လ ၁ ရက်နေ့တွင် ကနေဒါ လူ့အခွင့်အရေး ပြတိုက်ရှိ ဒေါ်အောင်ဆန်းစုကြည်အား ရည်ညွှန်းထားသော ဂုဏ်ပုဒ်များကို ဖယ်ရှားမည် ဖြစ်ကြောင်း CBC သတင်းဌာနမှ ဖော်ပြခဲ့သည်။ (CBC) (7day)
ကနေဒါ နိုင်ငံသား အများစုမှ ဒေါ်အောင်ဆန်းစုကြည်မှ ရိုဟင်ဂျာ အရေးကိစ္စအား ကိုင်တွယ်ခြင်းအပေါ် ဝေဖန်မှုမြှင့်တက်လာခြင်းများကြောင့် ကနေဒါနိုင်ငံ မင်နီတိုးဘားပြည်နယ် မြို့တော်ဝင်နီပတ်ရှိ လူ့အခွင့် အရေး ဆိုင်ရာ ပြတိုက်ရှိ ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံအား ပြတိုက် တာဝန်ရှိသူများမှ မီးမှိန်ချထားခဲ့သည်။ (BBC)

ဩဂုတ် ၄ ရက်နေ့တွင် စင်ကာပူ၌ ပြုလုပ်သော အာဆီယံဝန်ကြီးများ အစည်းအဝေး၏ ဘေးဆွယ် ဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုမှ မြန်မာနိုင်ငံတကာ ပူးပေါင်းဆက်ဆံရေး ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ ဖမ်းဆီးထိန်း သိမ်းထားသော ရိုက်တာသတင်းထောက် နှစ်ဦးကို ချက်ချင်းလွှတ်ပေးရန် တောင်းဆိုခဲ့ကြောင်း အမေရိကန် နိုင်ငံခြားရေး ဌာနမှ ပြောခဲ့သည်။ **"နိုင်ငံခြားရေးဝန်ကြီး ပွန်ပီယိုဟာ ဖမ်းဆီးထိန်းသိမ်း ခံထားရတဲ့ ရိုက်တာသတင်းထောက်နှစ်ယောက် ကိစ္စကို မြန်မာဝန်ကြီးနဲ့ ဆွေးနွေးခဲ့ပါတယ်။ သူက သူတို့ကိုချက်ချင်း လွှတ်ပေးသင့်ကြောင်း ပြောကြားခဲ့ပြီး သူတို့ကိုဆက်ပြီး ဖမ်းဆီးထိန်းသိမ်း ထားတာနဲ့ ပတ်သက်လို့ ကျွန်မတို့ရဲ့ စိုးရိမ်မှုကို ဖော်ပြခဲ့ပါတယ်"** ဟု အမေရိကန် နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟီသာနျူအက်မှ ပြောခဲ့သည်။ (Eleven)

ဩဂုတ် ၆ ရက်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Taro Kono ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံမှုတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် နှစ်နိုင်ငံ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရေး၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသည့် ရေကြီးရေလျှံမှုများအတွက် အကူအညီများ ပေးအပ်ရေး စသည်တို့ကို ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ် အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Ichiro Maruyama တို့ တက်ရောက်ခဲ့သည်။ (Eleven) (7Day)

ဩဂုတ် ၆ ရက်နေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Taro Kono အား တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ဂျပန်နိုင်ငံမှ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့ပတ် ရထားလမ်း အဆင့်မြှင့်တင်ရေးကိစ္စနှင့် ရန်ကုန်မြို့အတွင်း လျှပ်စစ်ဓာတ်အား အလုံအလောက် ရရှိရေးအတွက် ဆောင်ရွက်မည့် ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ် အားရရှိရေးတို့ကို ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဘက်မှ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဘက်မှ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ တွေ့ဆုံပွဲအပြီးတွင်ပူးတွဲ သတင်းစာရှင်းပွဲ တခုပြု လုပ်ခဲ့ပြီး သတင်းစာရှင်းလင်းပွဲတွင် ရခိုင်အရေးနှင့်ပတ်သက်၍ ကိုဖီအာနန်ကော်မရှင်၏ အဆိုပြု ၈၈ ချက်အနက် ၈၁ ချက်အား အကောင်အထည် ဖော်ဆောင်ရွက်ထားပြီး ကျန်အချက်များသည် ရေရှည်ဆောင်ရွက်ရမည့် ကိစ္စများဖြစ်သည့်အတွက် တစ်လုမ်းချင်း လုပ်ဆောင်ရမည်ဖြစ် ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ပြောခဲ့သည်။ ထို့ပြင် လာမည့်အောက်တိုဘာ ၉ ရက်တွင် မဲခေါင်-ဂျပန် ထိပ်သီး အစည်းအဝေး တက်ရောက်ရန် ဂျပန်နိုင်ငံ တိုကျိုမြို့ သို့ သွားရောက်မည်ဟုပြောခဲ့သည်။ ထို့အပြင် ရခိုင်ပြည်နယ် ဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ် ဆေးရေးကော်မရှင်ကို လုပ်ပိုင် ခွင့်ကျယ်ပြန့်စွာ ပေးထားမည်ဖြစ် ကြောင်း နိုင်ငံတော်၏ အတိုင်ပင် ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ပြောခဲ့သည်။ (Eleven) (Eleven) (MyanmarTime) (7Day) (SCOffice)

ဩဂုတ် ၆ ရက်နေ့တွင် နေပြည်တော်၌ ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Taro Kono တို့ တွေ့ဆုံ ခဲ့သည်။ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ မကြာမီက ဖွဲ့စည်းထားသည့် ရခိုင်အရေး လွတ်လပ်သော စုံစမ်းစစ်ဆေးရေး အဖွဲ့သည် သမာသမတ်ရှိ၍ ဖြစ်ပွားခဲ့သည့် အခြေအနေမှန်များကို ပေါ်လွင်အောင်ဖော်ထုတ်ကာ နိုင်ငံတကာ သိရှိအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ဦးစီး ဆောင်ရွက်နေပြီး တပ်မတော်က ပါဝင်ကူညီဆောင်ရွက်နေသည့် အခြေအနေများကို ဂျပန် နိုင်ငံခြားရေး ဝန်ကြီးအား ပြောခဲ့သည်။ (7Day) (Military)

ဩဂုတ်လ ၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်အိမ်ရာ၌ ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမဏီ သံအမတ် Mrs. Dorathee Janetzke-Wenzel တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ရခိုင်ပြည်နယ်မှ ထွက်ပြေးခဲ့ရသည့် ရိုဟင်ဂျာများအား ပြန်လည်လက်ခံရေး ကိစ္စရပ်များနှင့် ပတ်သတ်၍ ဆွေးနွေးခဲ့သည်။ (Military)
ဩဂုတ်လ ၇ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးရောက်ရှိနေသည့် ရိုဟင်ဂျာများအား ပြန်လည် လက်ခံရန် မြန်မာအစိုးရအနေဖြင့် လိုအပ်သလို ဆောင်ရွက်ခြင်း မရှိခဲ့သည့်အပေါ် ကုသမဂ္ဂ လုံခြုံရေး ကောင်စီမှ လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးရန်အတွက် ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ် Masud Bin Momen က ပြောခဲ့သည်။ (RFA)
ဩဂုတ် ၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံ ဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Scot Marciel အား တွေ့ ဆုံခဲ့သည်။ တွေ့ဆုံရာတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ပြီးစီးပြီးနောက် နောက်ဆက်တွဲ ဖြစ်ပေါ် တိုးတက်မှုနှင့် ဆွေးနွေးပွဲများ ထပ်မံပြုလုပ်နိုင်မှု အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး တပ်မတော်၏ မူဝါဒများနှင့် ရခိုင်ပြည်နယ် အရေးကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)နှင့်အတူ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Col. Craig Tippins နှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့သည်။ (TheLadies) (Military) (Military)

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီး ဦးကျော်တင့်ဆွေ၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး အဘူလ်ဟက်ဆန်မာမွတ်အလီ နေပြည် တော်သို့ လာရောက်၍ ဝန်ကြီးဦးကျော်တင့်ဆွေ၊ ဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့နှင့် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးတိမ်းရှောင်သူများ ပြန်လည် လက်ခံရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးမည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်မှ ပြောခဲ့သည်။ (7Day)

ဩဂုတ် ၉ ရက်နေ့တွင် နံနက်ပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ သည် ရုရှားဖက်ဒရေးရှင်း နိုင်ငံ၌ ပြုလုပ်လျက်ရှိသည့် International Army Games-2018 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့သည်။ (Military)

ဩဂုတ် ၉ ရက်နေ့ နေ့လည် ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး H.E. Mr. Scot Marciel တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် အမေရိကန်-မြန်မာ နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှု ပိုမိုတည်ဆောက်ရေး၊ ဒီမိုကရေစီစနစ် ပိုမိုခိုင်မာ အားကောင်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ လွှတ်တော်များ၏ ဘတ်ဂျက်စိစစ်ရေး၊ အပြန်အလှန် ထိန်းကျောင်းရေး၊ ဥပဒေပြုရေး ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့သည်။ (MOI)

ဩဂုတ် ၉ ရက်နေ့ နေ့လည်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူလ်ဟတ်ဆန်မာမွတ်အလီ ဦးဆောင်သော ကိုယ်စား လှယ် အဖွဲ့သည် နေပြည်တော်သို့ ရောက်ရှိခဲ့သည်။ (MOI)

ဩဂုတ် ၉ ရက်နေ့ နေ့လည်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာ ချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Daniel Patrick Chugg နှင့်အဖွဲ့ တို့ တွေ့ဆုံခဲ့သည်။ (MOI)

ဩဂုတ်လ ၁၀ ရက်နေ့ နေ့လည် ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ဒုတိယသမ္မတ ဦးမြင့်ဆွေ သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး H.E. Mr. Abul Hassan Mahmood Ali ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ပြည်သူအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ နိုင်ငံခြား ရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Manjurul Karim Khan Chowdhury တို့ တက်ရောက်ခဲ့သည်။ (MOI) (Mizzima) (VOA)

ဩဂုတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဝန်ကြီးအဆင့် အစည်း အဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ကိစ္စအား ဖြေရှင်းရာတွင် အိမ်နီးချင်းကောင်းပီသစွာဖြင့် နှစ်ဖက် တိုင်ပင် ဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့် ဆောင်ရွက်သွားရန် သဘော တူညီခဲ့သည်။ အစည်းအဝေးသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူအာဆန် မာမွတ်အာလီ တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စု ဝန်ကြီး ဦးသိန်းဆွေ၊ ဒေါက်တာ ဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (MOI) (7Day) (Eleven)

ဩဂုတ် ၁၁ ရက်နေ့ နံနက် ၈ နာရီ ၄၀ မိနစ်တွင် ဘင်္ဂလာဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး မာမွတ်အလီ၊ ဒေါက်တာ ဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်တို့ အပါအဝင် ၂၁ ဦး ခန့်သည် ရခိုင်ပြည်နယ် မောင်းတောရှိ ပြန်လည်လက်ခံရေးစခန်းအခြေအနေများအား သွားရောက်ကြည့်ရှု ခဲ့သည်။ မာမွတ်အလီမှ ပြန်လည်အခြေချမည့် ရိုဟင်ဂျာများနှင့် ဒေသခံများအကြားတွင် အမြင်ရှင်းအောင် လုပ်ပေးရန်လိုဟု ပြောဆိုခဲ့သည်။ (Narinjara) (Mizzima) (VOA)

ဩဂုတ် ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် မြန်မာနိုင်ငံမှ ချင်းလူမျိုးခေါင်းဆောင်များက 'ချင်းဒုက္ခသည်များ အရေး ညှိနှိုင်းဆွေးနွေးပွဲ' ပြုလုပ်မည်ဟု မလေးရှားချင်းဒုက္ခသည် အဖွဲ့အစည်းများမှ ပြောခဲ့သည်။ မလေးရှားနိုင်ငံတွင် ခိုလှုံနေသည့် ချင်းလူမျိုး ဒုက္ခသည်များကို ၂၀၁၉ ဒီဇင်ဘာ ၃၁ ရက်မှစ၍ ဒုက္ခသည် သက်သေခံကတ်ပြား ထုတ်ပေးတော့မည်မဟုတ်ဟု မလေးရှားအခြေစိုက် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က ဇွန် ၁၃ ရက်တွင် ထုတ်ပြန်ခဲ့မှုအပေါ်  ပြန်လည်တုံ့ပြန်နိုင်ရန် ပြုလုပ်ရခြင်းဖြစ်သည်ဟု မလေးရှား ချင်းဒုက္ခသည် အဖွဲ့အစည်းများမှ ပြောခဲ့သည်။ (Eleven)

မလေးရှားဝန်ကြီးချုပ် မဟာသီယာမှ မြန်မာအစိုးရအပေါ် ရိုဟင်ဂျာအရေးနှင့်ပတ်သက်ပြီး ပြင်းပြင်းထန်ထန် ဝေဖန်ပြောခဲ့သည်။ **"မြန်မာအစိုးရရဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေဟာ ရှုံ့ချဖွယ် ကောင်းပါတယ်။ အဲဒီလို လုပ်ရပ်တွေဟာ ယဉ်ကျေးတဲ့ နိုင်ငံတွေရဲ့ အပြုအမူတွေ မဟုတ်ပါဘူးလို့"** ဝန်ကြီးချုပ်မဟာသီယာမှ အေပီ သတင်းဌာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောခဲ့သည်။ (RFA)